MANN YADANARPON AIRLINES
Enjoy Royal Service!

# Yadanarpon

Mann Yadanarpon Airlines Inflight Magazine

Issue 10 • May 2024



A tale of the sands
## Ngapali Beach

## Tachileik
The gateway to roam northern Thailand

A cool retreat awaits in southern
## Shan State

Eat, drink and make merry in the commercial capital

www.airmyp.com










# Trip Mood Travel




## ပြည်တွင်းခရီးစဉ်များ

- မန္တလေး - ငပလီ
- ရန်ကုန် - ငပလီ
- ဟဲဟိုး - ငပလီ

- မန္တလေး - ငွေဆောင်
- ရန်ကုန် - ငွေဆောင်

- မြိတ်ကျွန်းစု

- ကော့သောင်း

09444060970 / 09444060980 / 09408424422 / 09408424433


















- ပြည်ပခရီးစဉ်များ
- အပျော်စီးသင်္ဘောခရီးစဉ်များ
- လေယာဉ်လက်မှတ်များ
- နိုင်ငံတကာဟိုတယ် Bookings
- ဗီဇာဝန်ဆောင်မှုများ

"မိသားစုများ၊ သူငယ်ချင်းများ၊
အသင်းအဖွဲ့များ နှင့် ကုမ္ပဏီများ အတွက်လည်း
သီးသန့်ခရီးစဉ်များကို **အထူး Discount**
ဈေးနှုန်းများဖြင့် ညှိသည်တော်ကြီးများ
စိတ်တိုင်းကျ စီစဉ်ပေးနေပါပြီ !!!"

**BOOK NOW**

09444060970 / 09444060980 / 09408424422 / 09408424433




Yadanarpon

Mann Yadanarpon Airlines Inflight Magazine

# Contents

Issue 10: May 2024







18 **Tachileik:** The gateway to roam northern Thailand
ထိုင်းမြောက်ပိုင်းမှာ လွတ်လပ်ပေါ့ပါးစွာ ခရီးထွက်ကြမယ်

34 A cool retreat awaits in **southern Shan State**
ရှမ်းတောင်ပိုင်းဒေသက အနားယူအပန်းဖြေလို့ကောင်းတဲ့ နေရာလေးတစ်ခု

44 A tale of the sands: **Ngapali Beach**
ငပလီကမ်းခြေက သဲပုံပြင်





48 Eat, drink and make merry in the commercial capital
စီးပွားရေးမြို့တော် ရန်ကုန်မှာ စားသောက်ကြမယ်

62 Mann Yadanarpon Destinations





## Regulars


8 Corporate Profile
10 10th Anniversary Celebrations
56 Horoscope
70 MYP Royal Service & MYP Rewards Program
74 Route Map
76 Travel Tips






## Mann Yadanarpon Airlines

### Head Office

Near Yangon International Airport,
Kyan Khin Su Ward, Mingaladon Township,
11021, Yangon.

Hunt Line : (+95-1) 8656969
Mobile : (+95-9) 404460006-7-8-9
Tel ( Airport )(+95-9) 254260075
Email : info@airmyp.com

www.airmyp.com
www.facebook.com/MannYadanarPonAirlines



All rights reserved. No part of this publishing may be reproduced or transmitted in any form by any means including electronic or mechanical, including photocopying, recording or otherwise, without the prior consent of the Publisher in writing.

Opinions expressed in Yadanarpon are solely those of the writers and are not necessarily endorsed by Mann Yadanarpon Airlines or the publisher, who are not responsible or liable in any way for the contents or any other the advertisements, articles, photographs or illustrations contained in this publication.

MANN YADANARPON AIRLINES

*Enjoy Royal Service!*

# Corporate Profile

## Our Strategy

- MYP will strive to offer higher safety standards, better customer service and more efficiency that exceeds the expectations of our passengers.

## Our Vision

- To be the airline of choice for customers by maintaining the highest levels of safety, service and efficiency.

## Our Mission

- We are dedicated to providing quality service that exceeds expectations. We respect our employees' aspirations while demanding the highest standards of performance. We share our achievements with the community.

Mann Yadanarpon Airlines (MYP) was established on 23 July 2013 and on 27 January 2014 the carrier was granted authorization by the Myanmar Investment Commission to conduct both domestic and international air transportation services. MYP commenced flying on 27 February 2014. With a commitment to fostering connections across Myanmar, particularly between Yangon and various key destinations, MYP aims to become a dependable domestic carrier.

Led by experienced professionals from the aviation industry, MYP ensures effective administration and service delivery. Boasting a staff of approximately 500 individuals, MYP is well equipped to provide exceptional air travel experiences to our passengers. Before conducting our inaugural flights, MYP's skilled staff undertook thorough preparations, showcasing their dedication to upholding high standards and delivering seamless service.

## Our Fleet

Our current fleet consists of two ATR 72-600 aircraft, which were delivered on 31 January and 1 April 2014 respectively. In 2019, we added another ATR 72-600 to expand our capacity. We will add more aircraft in the future to increase the frequency of our services on mainline routes and expand our network in Myanmar.



## Our Network

Our current destinations are Yangon, Mandalay, Nyaung-U (Bagan), Heho (Inle Lake), Tachileik, Myitkyina, Lashio, Thandwe (Ngapali), Sittwe, Nay Pyi Taw, Dawei, Myeik and Kawthaung, depending on seasonal demand.

All of our destinations are of tourism and/or commercial significance. We will expand our network to more domestic destinations after acquiring additional aircraft. When we commence regional operations, we plan to service regional routes to neighboring Thailand, such as Phuket, Bangkok and Chiang Mai.

## Our Flight Crew

Our pilots are all qualified on ATR 72-600 aircraft, with training carried out at ATR's Training Centers in Toulouse, France and Singapore, with recurrent and type rating simulator training at ATR-approved facilities in Bangkok, Thailand.

## Our Cabin Crew

Our Cabin Crew Instructors have been trained at the ATR Training Center and hold instructor certificates for ATR 72-600 aircraft from Toulouse, France. Some of our Instructors have conducted additional training at the Civil Aviation Training Institute (CATI) in Yangon. Our Cabin Crew have been trained at the Myanmar Department of Civil Aviation's in-house training center, and have also undergone courses at CATI.

## Our Aircrafts Maintenance Crew

Our licensed aircraft maintenance engineers have type ratings on ATR 72-600 from the ATR Training Centers in France (Toulouse) and Singapore.

Maintenance of our aircraft is carried out by our own Approved Maintenance Organization, which has been approved by the Department of Civil Aviation. Base maintenance is outsourced to approved maintenance, repair and overhaul organizations (MROS).






# Message from Vice-Chairman Daw Nang Pia Yee



Esteemed Passengers,

As Mann Yadanarpon Airlines (MYP) celebrates its 10th anniversary of growth and success, I am delighted to reflect on our extraordinary journey since our airline's establishment in July 2013 and the commencement of flight operations on 27 February 2014. Over the past decade, MYP has become a successful airline in Myanmar due to its commitment to quality, innovation, and customer satisfaction.

MYP is incredibly proud of its growing fleet, which currently consists of three modern ATR 72-600 aircraft. In addition to increasing our capacity on mainline routes, these aircraft have allowed us to provide Myanmar with more frequent and convenient flight services. As we strategize to extend our airline service to nearby locations, such as Chiang Mai in Thailand, we steadfastly maintain our dedication to cultivating enhanced connectivity and inclusivity for our passengers.

The dedicated staff that supports MYP, including our certified aircraft maintenance engineers, skilled flight crew, cabin crew supervisors and all other front-line and back-line staff, are indispensable to our achievements.

Moving forward, our unwavering commitment remains to our mission, which is to surpass the expectations of passengers by providing superior service that maintains the utmost levels of safety and efficiency. Your ongoing confidence and support in MYP is extremely valuable as we continue to pursue our mission of becoming the airline of choice for our customers.

We appreciate your selection of Mann Yadanarpon Airlines. We eagerly anticipate the forthcoming decade of continuous progress toward excellence as we soar together.

Sincere regards,
Nang Pia Yee
Vice-Chairman



# “A Decade of Soaring Success: Celebrating 10 Years of Excellence in the Skies”



## Message from CEO, U Ohn Myint

Welcome aboard as we embark on a journey of reflection and celebration! In the dynamic world of aviation, milestones are not just moments, they are testaments to dedication, innovation and unwavering commitment. As we commemorate a decade of flying high, join us in revisiting the milestones, innovations and the remarkable stories that have shaped our airline’s journey.

We would like to share memories from our staff party celebration at the Mingalardon Golf & Country Club on 27 February 2024, an event that marked our airline’s 10th anniversary.

As we celebrate a decade of accomplishments, we extend our heartfelt gratitude to our passengers, partners and employees, all of whom have been integral to our success.

Looking ahead, we remain committed to delivering exceptional experiences, fostering innovation and connecting the world with warmth and care. Here’s to the next decade of soaring success!






10th
YEARS






MANN
YADANARPON AIRLINES


MANN
YADANARPON AIRLINES


10th
ANNIVERSARY


MANN
YADANARPON AIRLINES

# 10th Anniversary Celebrations




















# Best Supporting Agent *Appreciation Party*















Best Supporting Agent

# *Appreciation Party*


























## Message from Managing Director Dr. Lin Myat Tun

Greetings to everyone,

I am Dr. Lin Myat Tun, the Managing Director of Air MYP.

Mann Yadanarpon Airlines celebrated its 10th anniversary on 27 February 2024, and I am incredibly proud and glad that we have been securely transporting people to their destinations for more than a decade.

Because of our ability to maintain the best level of service and capabilities, MYP is one of Myanmar's most favored domestic airlines.

I would like to extend my thanks to all of our family members, who are working hard to ensure Mann Yadanarpon Airlines' growth during the tourism industry's challenging times. I am incredibly grateful to our partners for their best support and continued cooperation. We promise to continue working together to contribute to making Mann Yadanarpon Airlines even more successful in the years to come.
































## Message from General Manager Dr. Win Ko Ko

I am Dr. Win Ko Ko, the General Manager of Air MYP.

In February 2014, Air MYP began flying to 14 domestic destinations in four regions and three states in Myanmar. Currently MYP is flying to nine domestic destinations across three regions and three states within Myanmar.

Our future plans are to increase flights to Tanintharyi Region and add services to connect to Chiang Mai in Thailand. We arranged a Best Supporting Agent Appreciation Party for 2022-23 at Hotel Boundary on 1 March to convey our heartfelt gratitude to all the agents who helped secure Air MYP's market position, and provided passengers with peace of mind and cheerful services during their journeys.

We are grateful to all of our partners who have supported us in the aviation industry for more than 10 years, and we are continually striving to provide passengers with on-time, safe and delightful travels with exceptional services in accordance with the moto "enjoy royal service".




Yangon Office

01-651020 / 09-49494949

No. 9D, Nawarat Street, 8 Mile , Mayangone Township.

info@gerizimhotel.com

Chaung Thar Office

09-777777851~853 / 09-43888888

Chaung Tha-Shwe Thaung Yan Road ,
near Kyauk Maung Na Ma, Hotel Zone II ,
Chaung Tha

# Tachileik:
## THE GATEWAY TO ROAM NORTHERN THAILAND

If you have a spare week on your hands and are feeling a bit adventurous, there are few better places to hit up than northern Thailand. You've got a cool, creative city in Chiang Mai, plenty of natural wonders – from waterfalls and caves to mountaintops – and a plethora of cultural attractions, all within easy reach. It's also relatively cheap and has good public transport: if you've got a Myanmar driver's licence, you can rent a car and really start exploring. And then there's the food, which alone make the trip worthwhile.

For many foreign visitors, Bangkok is the gateway to northern Thailand, reachable by plane, train or automobile. But Myanmar nationals have another option: a border pass available at the Tachileik-Mae Sai crossing in eastern Shan State that lets them roam the north for up to seven days. The reopening of the border crossing in February 2023, after a three-year closure due to COVID, means travelling overland into Thailand is once again possible.



# ထိုင်းမြောက်ပိုင်းမှာ
## လွတ်လပ်ပေ့ါပါးစွာ ခရီးထွက်ကြမယ်

သင့်မှာ အားလပ်ရက်လည်း တစ်ပတ်လောက်ရှိတယ်၊ အတွေ့အကြုံအသစ်တွေကိုလည်း တောင့်တနေတယ်ဆိုရင် ထိုင်းမြောက်ပိုင်းဒေသထက် ကောင်းတဲ့နေရာ မရှိတော့ဘူးလို့သာ ညွှန်းချင်ပါတယ်။ ရာသီဥတုသမ မျှတပြီး ဘယ်လိုနေရာမျိုးမှာမဆို တီထွင်ဖန်တီးမှုမှာလည်း လက်ရာမြောက်တဲ့ ချင်းမိုင်မြို့ဟာ သူ့အနီးဝန်းကျင်မှာ ရေတံခွန်တွေနဲ့ လိုဏ်ဂူတွေကစလို့ တောင်တန်းတွေနဲ့ သဘာဝအံ့ဖွယ်ရာများစွာကို ပိုင်ဆိုင်ထားသလို ယဉ်ကျေးမှုနဲ့ပတ်သက်လို့လည်း သူ့ရဲ့ဆွဲဆောင်နိုင်စွမ်းက အံ့မခန်းပါပဲ။ အများသုံးသယ်ယူပို့ဆောင်ရေးစနစ်မှာလည်း အဆင်ပြေကောင်းမွန်ပြီး ရတဲ့ဝန်ဆောင်မှုနဲ့ ပေးရတဲ့ဈေးက ထိုက်တန်ပါတယ်။ မြန်မာယာဉ်မောင်းလိုင်စင်ရှိနေပြီးသားဆိုရင် ကားတစ်စင်းသာငှားပြီး သွားချင်တဲ့နေရာကို စိတ်ကြိုက်သွားလာနိုင်ပါပြီ။ တကယ်တမ်းဆိုရင်တော့ ချင်းမိုင်မှာရနိုင်တဲ့ အစားအစာတွေတစ်မျိုးတည်းနဲ့တင် ဒီဒေသကို ခရီးထွက်လာရတာ တန်နေပြီလို့ ပြောလို့ရပါတယ်။

ထိုင်းကိုလာကြတဲ့ ခရီးသွားအများစုအတွက်ကတော့ ဘန်ကောက်မြို့ဟာ ချင်းမိုင်ကိုသွားဖို့ တံခါးပေါက်ဖြစ်ပြီး လေယာဉ်၊ ရထား (ဒါမှမဟုတ်)၊ ကားနဲ့ ခရီးဆက်နိုင်ကြပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံသားတွေအတွက်ကတော့ အခြားရွေးချယ်စရာနည်းလမ်း ရှိနေပါတယ်။ ဒါကတော့ ရှမ်းပြည် အရှေ့ပိုင်းမှာရှိတဲ့ တာချီလိတ်–မယ်ဆိုင်နယ်ခြားဂိတ်ကနေ ခုနစ်ရက်တာနေထိုင်ခွင့်နဲ့ နယ်ခြားကို ဖြတ်လို့ရတာကြောင့် ကုန်းလမ်းခရီးအဖြစ်နဲ့ ထိုင်းမြောက်ပိုင်းဒေသကို သွားလာနိုင်တာပါပဲ။ ဒီဂိတ်ကို ကိုဗစ်ကြောင့် သုံးနှစ်တာကြာ ပိတ်ထားခဲ့ရာကနေ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလကမှ ပြန်လည်ဖွင့်လှစ်လိုက်တာပါ။



©tawatchai07 on Freepik



## Tachileik

This bustling border town is your entry point to northern Thailand and is best reached by flight from the major cities in Myanmar. There's not a huge amount to see and do in Tachileik per se, but it has the requisite pagodas and markets befitting any Myanmar town of its size.

A popular nearby tourist site is the village of Mai Pong (sometimes spelled Maing Pong or Maing Phone), about 90 minutes outside Tachileik near the Mekong River that marks the border with Laos. The local monastery is the home of Mai Pong Sayadaw, who is probably the most revered monk in all of Shan State (and beyond – he's a well-known figure in Thailand as well).

Inside Tachileik itself, the energetic Tar Lot market is probably the major drawcard. Open from early in the morning to sundown, the market features hundreds, if not thousands of stalls that spread out east from the immigration checkpoint and Friendship Bridge that marks the border with Thailand. You'll find everything from knock-off designer goods and souvenirs to cheap cigarettes and medicines. Most of what's on sale is intended for day-trippers from Thailand, so there may not be a lot to tempt visitors from elsewhere in Myanmar.

But even if you're not in the market for a new bag, you should still check out the fresh and cooked food, as well as the locally made textiles and goods produced by the many ethnic minorities in eastern Shan State. It's a good opportunity to try snacks and other dishes that you might not see elsewhere in Myanmar. Once you've had your fill, it's time to head to the Friendship Bridge to cross into Thailand. The border town of Mae Sai has even less to hold your attention, so it's best to hop aboard a bus or rent a car to get to your next destination as soon as you can.







## တာချီလိတ်

စည်ကားလွန်းလှတဲ့နယ်စပ်မြို့ တာချီလိတ်ဟာ ထိုင်းမြောက်ပိုင်းကို သွားရောက်ဖို့ ဝင်ပေါက်ဖြစ်ပြီး ဒီမြို့ဆီကို မြန်မာနိုင်ငံတွင်း အဓိက မြို့ကြီးတွေကနေ လေယာဉ်ခရီးနဲ့သွားရောက်နိုင်ပါတယ်။ သွားရောက်လည်ပတ်စရာတွေ၊ ပြုလုပ်နိုင်တာတွေ အများကြီး မရှိလှဘူးဆိုပေမယ့် အခြားမြို့တွေမှာလိုပဲ ဘုရားတွေနဲ့ ဈေးတွေတော့ ဒီမြို့မှာ ရှိပါတယ်။

ဧည့်သည်တွေကြားမှာ အသွားများတဲ့ မြို့အနီးနားက ရွာလေးကတော့ ‘မိုင်းဖုန်း’ လို့ခေါ်ပြီး တာချီလိတ်မြို့ပြင်ဘက်ကို မိနစ် ၉၀ လောက်သွားရပြီး လာအိုနိုင်ငံနဲ့ နယ်နိမိတ်ခြားထားတဲ့ မဲခေါင်မြစ်နားမှာ တည်ရှိပါတယ်။ အဲဒီရွာလေးရဲ့ ဘုန်းကြီးကျောင်းမှာတော့ မိုင်းဖုန်းဆရာတော်က သီတင်းသုံးကျောင်းထိုင်ပါတယ်။ ဆရာတော်ရဲ့ ဂုဏ်သတင်းဟာ ရှမ်းပြည်နယ်တစ်ကြောမှာ မွှေးပျံ့ရုံတင်မကဘဲ ထိုင်းနိုင်ငံမှာလည်း လူသိများသူ ပုဂ္ဂိုလ်တစ်ဦးပဲ ဖြစ်ပါတယ်။

တာချီလိတ်မြို့အတွင်းမှာတော့ တာလော့ဈေးဟာ လူသိများတဲ့နေရာတစ်ခုပါပဲ။ မနက်ခင်း ခပ်စောစောပိုင်းကစလို့ ညနေပိုင်းနေစောင်းတဲ့အထိ ဖွင့်လှစ်ပြီး မရေတွက်နိုင်လောက်အောင် များလွန်းလှတဲ့ ဆိုင်ခန်းတွေဟာ ထိုင်းနိုင်ငံနဲ့ နယ်နမိတ်အဖြစ် သတ်မှတ်ထားတဲ့ လူဝင်မှုကြီးကြပ်ရေးဂိတ်နဲ့ ချစ်ကြည်ရေးတံတားရဲ့ အရှေ့ဘက်ခြမ်းမှာ တည်ရှိပါတယ်။ အဲဒီဈေးတန်းထဲမှာ ဒီဇိုင်နာလက်ရာတွေကို တုပထုတ်လုပ်ထားတဲ့ ပစ္စည်းတွေနဲ့ အမှတ်တရလက်ဆောင်ပစ္စည်းတွေကစလို့ ဈေးသက်သက်သာသာနဲ့ ရနိုင်တဲ့စီးကရက်တွေ၊ ဆေးဝါးတွေကိုလည်း တွေ့နိုင်မှာပါ။ ရောင်းကုန်အများစုဟာ ထိုင်းနိုင်ငံကနေ နေ့ချင်းပြန် လာရောက်လည်ပတ်ကြသူတွေအတွက် ရည်ရွယ်ရောင်းချကြတာဖြစ်တာမို့ မြန်မာနိုင်ငံအတွင်းက ဧည့်သည်တွေအတွက်ကတော့ ထူးခြားစိတ်ဝင်စားဖွယ် ဖြစ်နေမှာတော့ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဈေးထဲမှာ ထွေထွေထူးထူးဝယ်ဖို့ အစီအစဉ် မရှိဘူးဆိုရင် တောင်မှ မုန့်ဈေးတန်းဘက်ကိုတော့ မဖြစ်မနေ ရောက်အောင်သွားဖို့ တိုက်တွန်းပါရစေ။ အသီးအနှံတွေနဲ့ အသင့်ချက်ပြုတ်ပြီးသား အစားအသောက်တွေအပြင် ရှမ်းပြည်အရှေ့ပိုင်းမှာ နေထိုင်ကြတဲ့ လူနည်းစုတိုင်းရင်းသားတွေ ထုတ်လုပ်ကြတဲ့ ဒေသထွက်ချည်ထည်တွေနဲ့ ထွက်ကုန်ပစ္စည်းတွေကိုလည်း တွေ့ရပါလိမ့်မယ်။ မြန်မာပြည်က အခြားဘယ်နေရာမျိုးမှာမှ မရနိုင်တဲ့ ဒေသထွက်မုန့်ပဲသွားရေစာတွေနဲ့ ဟင်းလျာတွေကို မြည်းစမ်းကြည့်နိုင်မယ့် အခွင့်ကောင်းတစ်ခုဆိုလည်း မမှားပါဘူး။ မုန့်ဈေးတန်းမှာ ဗိုက်ဖြည့်ပြီးပြီဆိုရင်တော့ ထိုင်းနိုင်ငံဘက်ကို ကူးဖို့အတွက် ‘ချစ်ကြည်ရေးတံတား’ ဆီကို သွားကြပါမယ်။ ထိုင်းနိုင်ငံဘက်က နယ်စပ်မြို့ဖြစ်တဲ့ ‘မယ်ဆိုင်’ ကတော့ စိတ်ဝင်စားစရာ၊ လည်ပတ်စရာနေရာမျိုး သိပ်များများစားစား မရှိလှပါဘူး။ ဒါကြောင့် အဲဒီရောက်ပြီဆိုရင် ဘတ်စ်ကားပဲဖြစ်ဖြစ်၊ စင်းလုံးငှားထားတဲ့ကားပဲဖြစ်ဖြစ် ကားပေါ်သာတက်ပြီး ခရီးစဉ်ကို မြန်မြန်ဆန်ဆန် ရှေ့ဆက်တာက ပိုကောင်းပါတယ်။





## Chiang Rai

That next destination should definitely be Chiang Rai, a busy town of about 200,000 people with enough attractions to keep you busy for at least a few days. Like its big brother to the south, Chiang Rai was once capital of the Lanna Kingdom, and thus has a rich history. Founded by King Mangrai in 1262, the town was captured by the Burmese in the 15th century and became a vassal state of the Burmese kings. After the Burmese-Siamese War of 1775-76, however, Lanna (including Chiang Rai) became a tributary of the Thonburi Kingdom of Siam and was eventually absorbed into the Siamese state. The north, though, retains a unique identity to this day. Chiang Rai in particular is famed for its laid-back atmosphere, with less of the traffic and crowds of Chiang Mai.

In recent years, Instagram has turned some of Chiang Rai's attractions into household names. Chief among these Wat Rong Khun, known to many foreign visitors as the "White Temple" because… well, it's pretty self-explanatory, isn't it? What's notable about Wat Rong Khun is that it's actually quite new: designed by local artist Chalermchai Kositpipat, it opened in 1997 on the site of an earlier, dilapidated temple. As you'd expect, it's as much a piece of art as a temple, albeit one loaded with religious symbolism. The project inspired Phuttha Kabkaew to develop the "Blue Temple" (Wat Rong Suea Ten) in the early 2000s, and it too has become an online sensation. In a more traditional vein, Wat Phra Kaew is famous for being the site where the Emerald Buddha – yes, the one in Bangkok – was "discovered" in 1434, when a lightning bolt hit an old zedi.


©tawatchai07 on Freepik

Wat Rong Khun(White Temple)



"Blue Temple" (Wat Rong Suea Ten)

©CJ Botha on Unsplash



©Anicka Martin on Unsplash

Once you've checked out the temples, be sure to rent a motorbike to get out into the countryside. There are amazing waterfalls, hot springs, caves (including, yes, that cave) and mountain peaks to be explored around Chiang Rai. The pick of the waterfalls is Khun Korn, which features a stunning 70-metre drop, but if you've only got a limited amount of time then Huai Mae Sai and Pong Phra Bat are closer to town. Once the sun starts to go down, it's time to check out the night bazaar, which begins around 6pm. Even if you're not tempted by the souvenirs, clothing and other items on sale, the bazaar has a great selection of northern food – it's the perfect place to enjoy a beer on a warm evening and listen to some live music. If you're visiting on a weekend then you can also head to the walking street, which is held every Saturday from 4pm to late on Thanalai Street in the centre of town.

## ချင်းရိုင်

နောက်ဆက်သွားမယ့်နေရာကတော့ 'ချင်းရိုင်' ပါပဲ။ လူဦးရေပေါင်း ၂ သိန်းဝန်းကျင်နဲ့ စည်ကားလှတဲ့ မြို့ဖြစ်ပြီး အနည်းဆုံးဆိုရင်တောင်မှ ရက်အနည်းငယ်လောက်တော့ ဧည့်သည်တွေကို ပျင်းချိန်မရှိရအောင် ဆွဲဆောင်နိုင်တဲ့ နေရာတစ်ခုပါပဲ။ သူ့တောင်ဘက်ခြမ်းမှာတည်ရှိတဲ့ ချင်းမိုင်မြို့လို့ပဲ ချင်းရိုင်ကလည်း တစ်ချိန်တစ်ခါက Lanna ခေတ် နိုင်ငံတော်ရဲ့ မြို့တော်ဖြစ်ခဲ့တာကြောင့် သမိုင်းအမွေအနှစ်တွေ ပေါကြွယ် လှတဲ့ နေရာတစ်ခုပါ။ မြို့တော်ကို ၁၂၆၂ ခုနှစ်မှာ ဘုရင် Mangrai က တည်ထောင်ခဲ့ပြီး ၁၅ ရာစု အရောက်မှာတော့ မြန်မာတွေရဲ့ သိမ်းပိုက်မှုကို ခံခဲ့ရပြီး မြန်မာဘုရင်တွေရဲ့ ဘုရင်ခံပြည်နယ်ဖြစ်ခဲ့ ရပါတယ်။ ၁၇၇၅– ၇၆ ခုနှစ် မြန်မာ – ထိုင်း စစ်ပွဲအပြီးမှာတော့ ချင်းရိုင် အပါအဝင် Lanna နိုင်ငံဟာ  သွန်ဘူရီခေတ်နိုင်ငံတော် (Siam) ရဲ့ လက်အောက်ခံဘဝဖြစ်ခဲ့ရပြီး နောက်ပိုင်းမှာတော့ ထိုင်း (Siamese) နိုင်ငံတော်ထဲကို သိမ်းသွင်းခံခဲ့ရပါတယ်။ မြောက်ပိုင်းဒေသဟာ ဒီနေ့ခေတ်အထိ သူ့ရဲ့ကိုယ်ပိုင်မူဟန်ကို ထိန်းသိမ်းထားနိုင်ဆဲဖြစ်ပြီး အထူးသဖြင့် ချင်းမိုင်နှင့်ယှဉ်မယ်ဆိုရင် လူဦးရေသာမက ယာဉ်ကြော ပိတ်ကျပ်တာမျိုးလည်း နည်းပါးတာကြောင့် အေးအေးဆေးဆေးနဲ့ နေထိုင်လို့ကောင်းတဲ့ နေရာအဖြစ် လူပြောများကြပါတယ်။

ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ Instagram ရဲ့ လွှမ်းမိုးမှုနဲ့ ချင်းရိုင်က နေရာတချို့ဟာ နာမည်ကျော်ကြားလာကြပါတယ်။ အဲဒီထဲကမှ ရေပန်းအစားဆုံးကတော့ Wat Rong Khun ဘုရားကျောင်းဖြစ်ပြီး နိုင်ငံတကာ ခရီးသွားဧည့်သည်တွေကြားမှာတော့ "White Temple" လို့



©tawatchai07 on Freepik

“Blue Temple” (Wat Rong Suea Ten)

နာမည်ကြီးပါတယ်။ သူ့ရဲ့ထူးခြားချက်ကတော့ ပျက်စီးယိုယွင်းနေတဲ့ ဘုရားကျောင်းနေရာမှာ တည်ဆောက်ခဲ့တာဖြစ်ပြီး ၁၉၉၇ ခုနှစ်ကမှ ဖွင့်လှစ်ခဲ့တာကြောင့်မို့ သက်တမ်းအားဖြင့် သိပ်မကြာလှသေးတာပါပဲ။ ဘုရားကျောင်းကြီးရဲ့ ဒီဇိုင်းကို ပြည်တွင်းလက်မှုအနုပညာရှင် Chalermchai Kositpipat က ရေးဆွဲပေးတာဖြစ်ပြီး အဆောက်အဦကြီးဟာ ဘာသာရေးဆိုင်ရာ သင်္ကေတတွေနဲ့ ပြည့်နှက်နေပြီး အနုပညာအရမှာလည်း လက်ရာမြောက် ခမ်းနားလွန်းလှပါတယ်။ ဆိုရှယ်မီဒီယာမှာ နောက်ထပ်နာမည်ကြီးတဲ့ ဘုရားကျောင်းကတော့ White Temple ရဲ့ပုံစံကို စိတ်ကူးကွန့်မြူးပြီး ၂၀၀၀ ပြည့်နှစ်အစောပိုင်းမှာ ဆောက်လုပ်ထားတဲ့ “Blue Temple” (Wat Rong Suea Ten) ပါပဲ။



Wat Phra Kaew

©jcomp on Freepik

ချင်းရိုင်ရဲ့ နောက်ထပ်လူအသွားများတဲ့ နေရာကတော့ သက်တမ်းရှည်ကြာပြီဖြစ်တဲ့ ရှေးဟောင်းဘုရားကျောင်း Wat Phra Kaew ပါ။ လက်ရှိ ဘန်ကောက်မြို့မှာ သီတင်းသုံးနေတဲ့ မြဘုရားကို တွေ့ရှိခဲ့တဲ့ ကျောင်းဝန်းထဲမှာ တည်ရှိတာပါ။ ၁၄၃၄ ခုနှစ်မှာ ဒီဘုရားကျောင်းဝန်းက စေတီဟောင်းတစ်ဆူကို မိုးကြိုးပစ်လိုက်ချိန်မှာ မြဘုရားကို တွေ့ရှိခဲ့ကြရတာပါ။

ဘုရားကျောင်းတွေကို သွားလာပြီးတဲ့အခါ မြို့ပြင်ဘက်ကိုထွက်ဖို့ မော်တော်ဆိုက်ကယ်ငှားလို့ ရပါတယ်။ ချင်းရိုင်ဝန်းကျင်ပတ်လည်မှာ လည်ပတ်စူးစမ်းနိုင်ဖို့ ရုပ်သပ်ရှုမောဖွယ်ရာ ရေတံခွန်တွေ၊ ရေပူစမ်းတွေ၊ လိုဏ်ဂူတွေနဲ့ တောင်ထိပ်တွေ အများကြီးရှိပါတယ်။ မဖြစ်မနေသွားသင့်တဲ့ ရေတံခွန်ကတော့ မီတာ ၇၀ အမြင့်ကနေ ရေတွေတလဟော စီးကျနေတဲ့ Khun Korn ရေတံခွန်ပါပဲ။ ဒါပေမဲ့ သွားလာဖို့ အချိန်အများကြီးမရှိတဲ့သူတွေ အတွက်ဆိုရင်တော့ Huai Mae Sai နဲ့ Pong Phra Bat ရေတံခွန်တွေက မြို့နဲ့ပိုပြီးနီးပါတယ်။ နေစောင်းလာပြီဆိုရင်တော့ ညနေ ၆ နာရီလောက်မှာ စဖွင့်တတ်တဲ့ ညဈေးတွေကို သွားလို့ရပါပြီ။ အမှတ်တရ လက်ဆောင်ပစ္စည်းတွေ၊ အဝတ်အထည်တွေကို စိတ်မဝင်စားဘူးဆိုရင်တောင်မှ ညဈေးထဲမှာ ထိုင်းမြောက်ပိုင်းအစားအစာပေါင်းမျိုးစုံကို ရရှိနိုင်ပါတယ်။ ရာသီပူနွေးတဲ့ညနေခင်းမှာ ဖျော်ဖြေနေတဲ့ဂီတသံကို နားထောင်ရင်း ဘီယာအေးအေးတစ်ခွက်ကို သောက်ဖို့ တကယ့်နေရာကောင်းဆိုလည်း မမှားပါဘူး။ ချင်းရိုင်ကို စနေ၊ တနင်္ဂနွေပိတ်ရက်မှာ ရောက်သွားတယ် ဆိုရင်တော့ အပတ်စဉ် စနေနေ့တိုင်း နေ့လယ် ၄ နာရီကစလို့ ညနက်အထိ မြို့လယ်ခေါင်က Thanalai လမ်းပေါ်မှာ ဖွင့်တဲ့ ညဈေးတန်းကို သွားရောက်လည်ပတ်နိုင်ပါတယ်။




Wat Phra Singh

## Chiang Mai

Affectionately known as the "Rose of the north", Thailand's second city doesn't disappoint. The best place to start exploring the former capital of the Lanna Kingdom is the "old city", still surrounded by a moat and red-brick walls built to astrological and religious beliefs. Don't expect many remnants from before the 19th century, however; despite the name, little is left of old Chiang Mai, which suffered extensive destruction when locals (known as Tai Yuan) and the Siamese wrested the region back from the Burmese. The walls, corner bastions and five gates, for example, are largely a reconstruction, in some cases rebuilt using original bricks. Nevertheless, they are evocative of the royal atmosphere – the plaza in front of Thapae Gate is a particularly popular spot to hang out and snap selfies.




The old city also features Chiang Mai's most revered Buddhist site, Wat Phra Singh; inside the building you'll find a series of fascinating photos showing the old city largely engulfed by jungle. From the middle of the 19th century, Chiang Mai began to re-emerge as a political, religious and commercial centre. While trade was the name of the game back then, today tourism brings in the dollars and the old city is accordingly a hive of cafés, restaurants, bars, hotels and boutiques aimed mainly at visitors. Another popular district is Nimmanheim, which is home to a smorgasbord of cool bars and restaurants (not to mention a cat café). In the same neighbourhood is Maya Plaza, the city's more upmarket shopping mall, while across the road Think Park comes alive at night. Be sure to check out the Night Bazaar, while there are "walking street" night markets on both Saturday and Sunday.

> Northern Thailand has something for everyone – whether you have seven days or seven weeks to explore.



Wat Lok Moli



Road up to Wat Phra That Doi Suthep

There is so much more to do in Chiang Mai. The city's many cooking schools are popular with visitors keen to get to grips with the spicy northern Thai cuisine, and Chiang Mai is also a great place to relax with a Thai traditional massage. The zoo and night safari are also popular stop-offs, particularly for those travelling with children. Up the windy road to the west of town is Wat Phra That Doi Suthep, a popular mountaintop temple, and the Bhubing Palace, built in 1961 to accommodate the royal family on visits to northern Thailand. The gardens around the palace are a highlight. Another worthy diversion is Wiang Kum Kam, which King Mangrai founded and briefly made his capital from 1281-1296, until flooding prompted him to move his palace slightly northwest to the current location of Chiang Mai. Historians were unsure whether Wiang Kum Kam existed until some remains were found in the 1980s, and since then around a dozen sites have been excavated. At the small museum about 20 minutes' drive from Chiang Mai old city you can hire a pony cart to take you on the 45-minute circuit for 300 baht. The ruins are charmingly sandwiched between modern homes in a quiet suburb.

Chiang Mai also makes a great base for exploring several nearby towns, either as day trips or longer stays. Three hours' drive to the northwest, Pai is popular with the backpacker crowd and has a party vibe. Chiang Dao, about an hour to the north, is more sedate but still well worth the trip, with the town's cave pagoda definitely a highlight. The Mae Rim area boasts a number of fun stop-offs, including Mon Chaem (also known as Mon Jam), where you can get your photo taken on a ladder, creating an optical illusion that you're perched way up above the valley (rather than a few metres from the ground). There also numerous elephant camps in the mountains around Chiang Mai, as well as adventure activities like rafting, ziplining and ATV tours. In short, northern Thailand has something for everyone – whether you have seven days or seven weeks to explore.



©tawatchai07 on Freepik

Wat Phra That Doi Suthep


©tawatchai07 on Freepik

Landmark pagoda in doi Inthanon national park

## ချင်းမိုင်

‘မြောက်ပိုင်းနှင်းဆီ’လို့ ချစ်စရာနာမည်နဲ့ လူသိများတဲ့ ထိုင်းနိုင်ငံရဲ့ ဒုတိယအကြီးဆုံးမြို့ဟာ သူ့ဌာနေဆီ လာရောက်လည်ပတ်သူတွေကို စိတ်မပျက်စေရပါဘူး။ Lanna ခေတ်နိုင်ငံတော်ရဲ့ မြို့တော်ဟောင်းမှာ စတင်စူးစမ်းလေ့လာဖို့ အကောင်းဆုံးနေရာကတော့ နက္ခတ်ဗေဒင်၊ ဘာသာရေး ယုံကြည်မှုများနဲ့ စီမံတည် ဆောက်ထားတဲ့ ကျုံး၊ အနီရောင် အုတ်မြို့ရိုးနံရံတွေနဲ့ ဝန်းရံထားဆဲဖြစ်တဲ့ ‘မြို့ဟောင်း’ နေရာပါပဲ။ ဒီနေရာမှာ တစ်ခုသတိပေးချင်တာက ‘မြို့ဟောင်း’ ဆိုတဲ့ နာမည်ကြားပြီး ၁၉ ရာစုမတိုင်ခင်ကာလဆီက ကျန်ရစ်ခဲ့တဲ့ မူလလက်ရာတွေကို အများကြီး တွေ့ရမယ်လို့တော့ မျှော်မှန်းမထားပါနဲ့။ ထိုင်းတွေနဲ့ ချင်းမိုင်ဒေသခံ Tai Yuan လူမျိုးတွေဟာ မြန်မာသိမ်းပိုက်မှုအောက်ကနေ ပြန်လည် တိုက်ယူကြရာမှာ မြို့တော်ဟာ ကြီးမားစွာ ထိခိုက်ပျက်စီးခဲ့ရပါတယ်။ ဥပမာအားဖြင့်ဆိုရရင် မြို့ရိုးနံရံတွေ၊ ခံတပ်တွေနဲ့ မြို့ဝင်ပေါက် ငါးပေါက်တို့ကို အကြီးစားအဖြစ် ပြန်လည်တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း တချို့နေရာတွေမှာတော့ မူလအုတ်ခဲတွေကို ပြန်လည်အသုံးပြုထားတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် မြို့ဟောင်းဟာ ရှေးတော်ဝင်အငွေ့အသက်တွေကို ပြန်လည်ခံစားရနိုင်တဲ့ နေရာပါပဲ။ Thapae Gate ဂိတ်ဝင်ပေါက်ရှေ့က ရင်ပြင်ကျယ်နေရာဟာ ခရီးသွား ဧည့်သည်တွေကြားမှာ ရေပန်းစားတဲ့ နေရာတစ်ခုဖြစ်ပြီး မြို့ဟောင်းနံရံကို နောက်ခံထားပြီး အလှဓာတ်ပုံတွေ ရိုက်လို့ကောင်းတဲ့ နေရာလည်းပဲ ဖြစ်ပါတယ်။

မြို့ဟောင်းဧရိယာအတွင်းမှာ ချင်းမိုင်မြို့ရဲ့ ကျက်သရေဆောင်ဘုရားကြီး Wat Phra Singh လည်း တည်ရှိပါတယ်။ ဘုရားကျောင်းဆောင်အတွင်းကို ဝင်သွားပြီဆိုရင် သစ်ပင်ခြုံနွယ်တွေကြားထဲမှာ ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့တဲ့


©Wiroj Sidhisoradej on Freepik



ချင်းမိုင်မြို့ကို မှတ်တမ်းတင်ထားတဲ့ ခေတ်ပုံတွေကို ရင်သပ်ရှုမောဖွယ် တွေ့မြင်ရပါလိမ့်မယ်။ ၁၉ရာစု အလယ်ပိုင်းကစလို့ နိုင်ငံရေး၊ ဘာသာရေးနဲ့ စီးပွားရေးဆိုင်ရာ အချက်အချာနေရာတစ်ခုအဖြစ် ချင်းမိုင်ဟာ ပြန်လည်အသက်ဝင်လာခဲ့တာပါ။ အဲဒီအချိန်တုန်းက ကုန်သွယ်စီးပွားရေးက အရေးပါခဲ့ပြီး၊ ယနေ့အချိန်မှာတော့ ခရီးသွားလုပ်ငန်းကနေ မြို့တော်ဆီကို ဒေါ်လာတွေ စီးဝင်လာစေပါတယ်။ ဒါကြောင့်လည်း မြို့ဟောင်းအတွင်းကို တစ်စေ့တစ်စောင်းကြည့်လိုက်မယ်ဆိုရင် ခရီးသွားဧည့်သည်တွေအတွက် ရည်ရွယ်ဖွင့်လှစ်ထားတဲ့ ကော်ဖီဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ ဘားတွေနဲ့ ဟိုတယ်တွေအပြင် အဆင့်မြင့် ဖက်ရှင်ဆိုင်နဲ့ ပြည့်နေတာကို တွေ့ရပါလိမ့်မယ်။ ချင်းမိုင်မှာ နောက်ထပ် ရေပန်းစားတဲ့ နေရာတစ်ခုကတော့ ပုံစံမျိုးစုံနဲ့ ဖွင့်ထားကြတဲ့ အမိုက်စား ဘားတွေနဲ့ စားသောက်ဆိုင်တွေ (Cat cafe ကိုတော့ ထည့်မပြောတော့ပါဘူး) ရှိနေတဲ့ Nimmanheim ဧရိယာပါပဲ။ သူ့အနီးအနားမှာတော့ ချင်းမိုင်မြို့ရဲ့ အဆင့်မြင့် ဈေးဝယ်စင်တာ Maya တည်ရှိပြီး သူ့မျက်နှာချင်းဆိုင် လမ်းတစ်ဘက်ကမ်းက Think Park ထဲမှာလည်း ညဖက်တွေဆိုရင် စည်ကားလွန်းလှပါတယ်။ စနေနဲ့ တနင်္ဂနွေနေ့တွေမှာ ညဈေးတန်းတွေရှိတာကြောင့်လည်း ဈေးတန်းတွေဘက်ကို သွားကြည့်ဖို့ မမေ့ပါနဲ့။

ချင်းမိုင်းမြို့မှာ လုပ်နိုင်တာတွေ အများကြီး ကျန်ပါသေးတယ်။ အချက်အပြုတ်သင်တန်းတွေဟာ မြောက်ပိုင်းထိုင်းဟင်းလျာခပ်စပ်စပ်တွေကို လက်စမ်းကြည့်ဖို့ စိတ်ဝင်စားတဲ့ ဧည့်သည်တွေကြားမှာ ရေပန်းစားလှပါတယ်။ ဒ့ါပြင် ချင်းမိုင်မြို့ဟာ ထိုင်းအနှိပ်လေးခံယူရင်း အနားယူနိုင်တဲ့ နေရာကောင်းတစ်ခုလို့လည်း ပြောလို့ရပါတယ်။ တိရစ္ဆာန်ရုံနဲ့ night safari တို့ကလည်း လူသွားများကြတဲ့နေရာတွေပါပဲ။ အထူးသဖြင့် ကလေးတွေနဲ့ လာရောက်လည်ပတ်ကြတဲ့ ခရီးသွားတွေကြားမှာ အကြိုက်တွေ့ကြပါတယ်။ မြို့ရဲ့ အနောက်ဘက်မှာရှိတဲ့ ကွေ့ကောက်တဲ့ တောင်ပေါ်လမ်းပေါ်ကို တက်သွားရင်တော့ နာမည်ကြီး တောင်ပေါ်ဘုရား Wat Phra That Doi Suthep ကို ဖူးမျှော်ရပါလိမ့်မယ်။ အဲဒီကနေဆက်သွားရင် နိုင်ငံမြောက်ပိုင်းကို ဘုရင်မိသားစု လာရောက်လည်ပတ်တဲ့အခါ နေထိုင်ဖို့အတွက် ၁၉၆၁ ခုနှစ်မှာ ဆောက်လုပ်ထားတဲ့ Bhubing နန်းတော်ကို ရောက်ပါလိမ့်မယ်။ နန်းတော်ပတ်လည်က ပန်းခြံတွေဟာ ရှုမငြီးအောင် လှပလွန်းလှပါတယ်။

သွားရောက်လည်ပတ်သင့်တဲ့ နောက်ထပ်နေရာတစ်ခုတော့ Wiang Kum Kam မြို့တော်ဟောင်းပါပဲ။ ဘုရင် Mangrai  တည်ထောင်ခဲ့တာဖြစ်ပြီး အဲဒီနေရာမှာ ၁၂၈၁ ကနေ ၁၂၉၆ ခုနှစ်အထိသာ




©Wiroj Sidhisoradej on Freepik

နေထိုင်ခဲ့ပါတယ်။ ရေကြီးမှုဒဏ်ကြောင့် အဲဒီမြို့တော်နေရာကနေ အနောက်မြောက်ဘက် ခပ်လှမ်းလှမ်းမှာရှိတဲ့ လက်ရှိချင်းမိုင်မြို့တည်ရှိရာကို ပြောင်းရွှေ့ခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ်ကာလတွေ မရောက်ခင်အထိ သမိုင်းပညာရှင်တွေဟာ ဒီမြို့တော် တည်ရှိခဲ့သလားဆိုတာကို ရေရေရာရာ အဖြေမထုတ်နိုင်ခဲ့ကြပါဘူး။ နောက်ပိုင်းမှာသာ မြို့တော်ဟောင်းရဲ့ အကြွင်းအကျန်ပစ္စည်းတွေကို ရှာဖွေတွေ့ရှိခဲ့ကြပြီး အဲဒီအချိန်ကစလို့ နေရာပေါင်း ၁၂ နေရာဝန်းကျင်လောက်ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြပါတယ်။ ချင်းမိုင်မြို့ဟောင်းကနေ မိနစ် ၂၀ လောက် ကားနဲ့သွားလိုက်ရင် အဲဒီမြို့တော်ဟောင်းအကြောင်းကို တင်ဆက်ပြသထားတဲ့ အသေးစားပြတိုက်လေးကို ရောက်သွားပြီး အဲဒီပြတိုက်အရှေ့မှာတော့ ဖော်ထုတ်ထားတဲ့ မြို့ဟောင်းနေရာတွေကို လှည့်လည်လေ့လာနိုင်ဖို့ မြင်းလှည်းဂိတ်ရှိပါတယ်။ မြင်းလှည်းခရီးစဉ်တစ်ခုလုံး ၄၅ မိနစ်လောက်ကြာပြီး ဘတ် ၃၀၀ ပေးရပါတယ်။ ပျက်စီးနေတဲ့ အဆောက်အဦတွေကို ဆိတ်ငြိမ်လှတဲ့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုထဲက ခေတ်မီအိမ်တွေကြားမှာ တွေ့မြင်ရတာဟာ တစ်မျိုးတစ်ဖုံ အမြင်ဆန်းကျယ်လှပါတယ်။



Chiang Dao Cave





Wiang Kum Kam





Mae Rim Mon Jam

အနီးအနားက မြို့တွေဆီကို နေ့ချင်းပြန်ပဲဖြစ်ဖြစ်၊ ညအိပ်ညနေပဲဖြစ်ဖြစ် သွားလည်မယ်ဆိုရင်လည်း ချင်းမိုင်က အခြေစိုက်စခန်းကောင်းတစ်ခုပါပဲ။ အနောက်မြောက်ဘက်ကို သုံးနာရီလောက် ကားနဲ့ သွားရတဲ့ 'Pai' မြို့လေးဟာ ပါတီအငွေ့အသက် မျိုးကို ကြိုက်နှစ်သက်ပြီး ကျောပိုးအိတ်တစ်လုံးနဲ့ ပေ့ါပေ့ါပါးပါး ခရီးထွက်ကြသူတွေကြားမှာ ရေပန်းစားပါတယ်။ Chiang Dao ကတော့ မြောက်ဘက်ကို တစ်နာရီလောက် ကားနဲ့ သွားရင် ရောက်ပါပြီ။ ပိုပြီးတော့ အေးအေးလူလူရှိတဲ့



Elephant Camp

နေရာမျိုးဖြစ်ပြီး အချိန်ပေးသွားရကျိုးနပ်တဲ့ နေရာမျိုးပါပဲ။ ဘုရားတွေ တည်ထားတဲ့ လိုဏ်ဂူထဲကိုဝင်ပြီး လေ့လာရတာတော့ စိတ်ဝင်စားဖို့ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။ Mae Rim ဧရိယာအတွင်းမှာလည်း Mon Chaem (Mon Jam လို့လည်း လူသိများပါတယ်) အပါအဝင် သွားစရာနေရာတွေ အများကြီးပါပဲ။ Mon Jam မှာ ရေပန်းစားတာကတော့ ချိုင့်ဝှမ်းအထက်ကနေ တော်တော် မြင့်မားတဲ့ အကွာအဝေးကို ရောက်နေသယောင်ပုံစံမျိုး ဖန်တီးထားတဲ့ လှေခါးပေါ်ကို တက်ပြီး ဓာတ်ပုံရိုက်လို့ရတာပဲ ဖြစ်ပါတယ်။ (တကယ်တမ်းမှာတော့ လှေခါးအမြင့်က မြေပြင်ကနေ မီတာအနည်းငယ်လောက်ပဲ ရှိပါတယ်) ချင်းမိုင်ဝန်းကျင်မှာ ဆင်စခန်းတွေလည်း တော်တော်များများရှိကြသလို စွန့်စွန့်စားစား၊ လှုပ်လှုပ်ရှားရှားမျိုးကိုမှ သဘောကျတဲ့သူတွေ အတွက်လည်း ဖောင်စီးတာမျိုး၊ ziplining လျှောက်တာမျိုးနဲ့ ATV ကားမောင်းတာမျိုးတို့လို လုပ်စရာတွေ အများကြီးရှိပါတယ်။ အတိုချုပ်ပြောရရင်တော့ မြောက်ပိုင်း ထိုင်းဟာ သီတင်းတစ်ပတ်လောက်ပဲ အချိန်ရတဲ့ သူအတွက်ပဲဖြစ်ဖြစ်၊ (သို့) သီတင်း ခုနစ်ပတ်လောက် ခရီးထွက်မယ်ဆိုတဲ့သူအတွက်ပဲဖြစ်ဖြစ် ဘယ်သူ့မဆိုကို မတူညီတဲ့ ပုံစံမျိုးစုံနဲ့ ဆွဲဆောင်နိုင်စွမ်းရှိတဲ့နေရာပါပဲ။

Tachileik is only 1 hour and 40 minutes by plane from Yangon. Mann Yadanarpon Airlines flies to Tachileik daily. Please check the flight schedule at our website: www.airmyp.com







**Fairy Company ( Local Brand )** ကို **2019** ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။ **2019** ခုနှစ် ဧပြီလ မန်းလေးတွင်ကုန်ပစ္စည်းများကို စတင်မိတ်ဆက်ခြင်း အခမ်းအနားပွဲ ပြုလုပ်ခဲ့ပါသည်။ **Fairy Company** ၏ **product** များကို အဓိကအားဖြင့် **Korean** တွင်ထုတ်လုပ်ပြီး အနည်းငယ်ကို **Thailand** နှင့် **Chinese** စက်ရုံကြီးများတွင် ထုတ်လုပ်ပါသည်။

လက်ရှိ ထုတ်ပြီးသောထုတ်ကုန်အမျိုးအစားများမှာ **Skincare Product, Hair Product, Healthcare Product** နှင့် **Body Product** များဖြစ်သည်။ **Skincare Product** အမျိုးအစားများတွင် **Toner, Emulsion, Cream, Facial Cleanser, Facemask,Sunscreen** တို့ကိုထုတ်လုပ်ပြီးဖြစ်ပါသည်။ **Hair Product** အမျိုးအစားတွင် **Hair Serum, Shampoo, Conditioner** တို့ကို ထုတ်လုပ်ပြီးဖြစ်ပါသည်။

**Healthycare Product** အမျိုးအစားတွင် **Dual Collagen Probiotics Fruit Jelly, Fairy Multi Fiber Plus** တို့ကို ထုတ်လုပ်ပြီးဖြစ်ပါသည်။ **Body Product** အမျိုးအစားတွင် **Golden Skin Refreshing Shower Gel, Gold Scrub Deep Cleansing Bath Salt, Petal Essential Oil Handmade Soap, Body Serum** တို့ကို ထုတ်လုပ်ပြီးဖြစ်ပါသည်။ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်ပစ္စည်း အရေအတွက် ၁၅ မျိုး ဖြစ်ပါသည်။

# Fairy Company ၏လှုပ်ရှားမှုများ



2019 ခုနှစ် ဧပြီလတွင်
ကုန်ပစ္စည်းများကို
စတင် မိတ်ဆက်ခဲ့ပါသည်။



2019 ခုနှစ် ဩဂုတ်လတွင်
Fairy မိသားစုများစုဝေး၍ ကုန်ပစ္စည်းများ
အကြောင်း အသိပညာများ ဖလှယ်
ဆွေးနွေးခြင်း ပြုလုပ်ပါသည်။



2019 ခုနှစ် နိုဝင်ဘာလတွင်
Miss Crystal Angel International တွင်
Product Sponser ပေးခဲ့ပါသည်။



2019 ခုနှစ် ဒီဇင်ဘာလတွင်
Fairy Company ၏ 1 year anniversary ကို
ချောင်းသာကမ်းခြေတွင် ကျင်းပပြုလုပ်
ခဲ့ပါသည်။



2020 ခုနှစ် ဧပြီလတွင်
Fairy company မှ COVID 19 အတွက်
ဆေးဝါးများ လှူဒါန်းခဲ့ပါသည်။



2021 ခုနှစ် ဩဂုတ်လတွင်
Fairy company မှ COVID 19 အတွက်
Quantine Centre ဆောက်လုပ်
လှူဒါန်း ခဲ့ပါသည်။



2021 ခုနှစ် အောက်တိုဘာလတွင်
Fairy မိသားစု စုပေါင်း၍
ကထိန်အလှူပြုလုပ် ခဲ့ပါသည်။



2021 ခုနှစ် ဒီဇင်ဘာလ
ပေလီတွင် Fairy မိသားစု
New Year Party ကျင်းပပြုလုပ်ခဲ့ပါသည်။



2022 ခုနှစ် မတ်လတွင် Fairy Company ၏
3 years anniversary ကို
အင်းလေးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။



2022 ခုနှစ် နိုဝင်ဘာလ ရန်ကုန်တွင်
Millionaire Business သင်တန်း
ကျင်းပပြုလုပ်ခဲ့ပါသည်



2023 ခုနှစ် ဇန်နဝါရီလ မန်းလေးတွင်
Target ပြည့်မီသောအရောင်းကိုယ်စားလှယ်
ကြီးများအား ကားဆုပေးပွဲ အခမ်းအနား
ပြုလုပ်ကျင်းပပြုလုပ်ခဲ့ပါသည်။



2023 ခုနှစ် မတ်လတွင်
Fairy Company ၏ 4 years anniversary
ကို ပုဂံတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။



2023 ခုနှစ် ဇူလိုင်လတွင် Company ၏
Shareholder / Board of Director များကို
Influential Marketing သင်တန်း
ပေးပါသည်။



2023 ခုနှစ် ဇူလိုင်လတွင် Company ၏
Shareholder / Board of Director
များစုပေါင်း၍ ခိုင်နှင်းဝေ ရင်သွေးလေးများ
ဂေဟာသို့ စုပေါင်းလှူဒါန်းမှု ပြုလုပ်ခဲ့ပါသည်။



2024 ခုနှစ် ဇန်နဝါရီလတွင်
Brain Spa သင်တန်းကို
ရန်ကုန်တွင်ကျင်းပပြုလုပ်ခဲ့ပါသည်။



2024 ခုနှစ် ဖေဖော်ဝါရီလတွင်
ဆေးရုံဆောက်လုပ်ရန် သိန်း ၂၀၀၀
လှူဒါန်းခဲ့ပါသည်။



A COOL RETREAT AWAITS IN

# Southern Shan State

*Mark Calaway*

I grew up in a town not too dissimilar to Kalaw, in southern Shan State. And every time I visit it reminds me of home – at least, all the good parts! Pleasant childhood memories of cool nights, the slight smell of wood smoke lingering in the air, morning mist and towering pine trees are all daily realities in Kalaw.

The southern Shan State town also adds affordable and varied accommodation options, diversified dining choices, incredible day trips to must-see tourist sites and vibrant local markets. In fact, after a short stay in Kalaw, the only question on your mind will be deciding when to make your next visit.



# ရှမ်းတောင်ပိုင်းဒေသက
## အနားယူအပန်းဖြေလို့ကောင်းတဲ့ နေရာလေးတစ်ခု

စာရေးသူကြီးပြင်းခဲ့ရတဲ့ ဇာတိမြို့ဟာ ရှမ်းပြည်တောင်ပိုင်းက 'ကလော' မြို့လေးနဲ့ ပုံစံအနည်းငယ်ဆင်တူလှပါတယ်။ ဒါကြောင့် ကလောကို သွားရောက်လည်ပတ်ဖြစ်တိုင်း နေရပ်ဒေသကို အမှတ်ရမိစေပြီး အနည်းဆုံးတော့ ကောင်းတဲ့အချက်လေးတွေကို လွမ်းမိပါတယ်။ ရာသီအေးတဲ့ ညချမ်းတွေနဲ့ ကလေးဘဝရဲ့ ပျော်စရာအမှတ်တရတွေ၊ လေထဲမှာ ဝေ့ဝဲနေတဲ့ ထင်းမီးခိုးသင်းနံ့တွေ၊ မြူတွေနဲ့ ပိတ်နေတဲ့ မနက်ခင်းတွေနဲ့ မိုးထိမြင့်တဲ့ ထင်းရှူးပင်တွေဟာ ကလောမြို့လေးမှာ ကြုံတွေ့ရတဲ့ နေ့စဉ်လူနေမှုဘဝပုံစံပါပဲ။

ဒီတောင်ပိုင်းမြို့လေးမှာ လာရောက်လည်ပတ်သူတွေအတွက် သင့်တင့်လျောက်ပတ်တဲ့ ဈေးနှုန်းအမျိုးမျိုးနဲ့ ရွေးချယ်စရာများလှတဲ့ တည်းခိုစရာတွေ၊ လူမျိုးပေါင်းစုံရဲ့ စားသောက်စရာတွေနဲ့ သက်ဝင်စည်ကားလှတဲ့ ဒေသခံဈေးတွေအပြင် မဖြစ်မနေ သွားရောက်လည်ပတ်သင့်တဲ့နေရာတွေ (နေ့ချင်းပြန်ခရီးစဉ်တွေ)လည်း အများကြီးရှိနေပါတယ်။ ဧည့်သည်တွေဟာ ကလောကို လာလည်ပြီးလို့ ပြန်သွားတဲ့အခါ နောက်တစ်ခေါက် ထပ်လာဖို့ တွေးနေကြမှာ အသေအချာပါပဲ။

### ကလောကို ဘယ်လိုသွားမလဲ ...

ကလောဟာ သူ့ရဲ့ကိုယ်ပိုင်ပုံစံနဲ့ ဧည့်သည်တွေကို ဆွဲဆောင်နိုင်တဲ့ အခြေကျပြီးသား ခရီးသွားမြို့လေးဆိုပေမယ့် အနီးအနားမှာရှိတဲ့ အင်းလေးကန်နဲ့ ရှမ်းပြည်မြို့တော် 'တောင်ကြီး' တို့ကြောင့်လည်း ဧည့်သည် အသွားအလာများတဲ့ နေရာတစ်ခုပါပဲ။ ဒီမြို့ကို ဘယ်လိုပုံစံနဲ့ လာမလဲဆိုတာကတော့ ကိုယ်သုံးစွဲမယ့် ငွေကြေးပမာဏအပေါ် မူတည်ပြီး ဘယ်နှစ်ရက်နေမှာလဲ၊ ဘယ်လိုနေရာတွေကို သွားမှာလဲဆိုတဲ့ အချက်တွေပေါ်မှာ မူတည်ပါတယ်။ ရန်ကုန်ကနေ ကလောကို ဘတ်စ်ကား၊ အိမ်စီးကား၊ လေယာဉ်၊ ရထား (ရထားစီးရတာကို ကြိုက်နှစ်သက်သူတွေနဲ့ ပင်ပန်းဒဏ်ကို ခံနိုင်သူတွေအတွက်သာ) တို့နဲ့ သွားရောက်နိုင်ပြီး ကိုယ့်ဆီမှာ အမိုက်စားမော်တော်ဆိုက်ကယ် ရှိတယ်ဆိုရင် ကီလို ၅၇၀ ခရီးကို ပျော်ပျော်ပါးပါး မောင်းနှင်သွားနိုင်ပါတယ်။ ဘတ်စ်ကားလက်မှတ်က တစ်စောင်ကို နှစ်သောင်းခွဲကနေ သုံးသောင်းခွဲကြားမှာ ရှိပါတယ်။

©U U Ye Kalawthar



©U U Ye Kalawthar



©U U Ye Kalawthar

## Getting there

Kalaw is an established tourist destination in its own right but benefits from its proximity to the state capital of Taunggyi and nearby Inle Lake. Depending on your budget, how much time you have and your appetite for adventure, you can travel from Yangon to Kalaw by bus, car, aeroplane or train (only for trainspotters or the hardiest travellers). Of course, if you own a motorcycle, you can also use that to cover the 570-kilometre ride. Bus tickets are circa K25,000-35,000 per ticket. Plane tickets are somewhat more pricey from Yangon to Heho, from where you'll need to catch a bus or taxi on to Kalaw. But the road route is nearly nine hours without stops, so if time is of the essence, flying is the way to go. At the other end of the spectrum, the train can take 25 hours, even without any unexpected delays.

Given Kalaw is such a family-friendly destination, many people choose to drive their own car, following the Nay Pyi Taw highway from Yangon, north past the capital before turning off at the 262-mile marker and heading for Pyawbwe and then on to Kalaw. It's a relatively easy drive on good roads, with only a steep section to climb the Shan plateau to watch out for.

လေယာဉ်ကတော့ ဟဲဟိုးလေဆိပ်အထိ စီးရမှာဖြစ်ပြီး အားလုံးသိကြတဲ့အတိုင်း ဘတ်စ်ကားထက် ဈေးပိုများပါတယ်။ ဟဲဟိုးလေဆိပ်ကို ရောက်ရှိပြီ ဆိုရင် ကလောကို ကားစီးလုံးငှားပြီးဖြစ်စေ၊ ဘတ်စ်ကားနဲ့ပဲဖြစ်စေ ခရီးဆက်နိုင်ပါတယ်။ ကုန်းလမ်းခရီးက ရန်ကုန်ကနေလာမယ်ဆိုရင် လမ်းမှာ ရပ်နားတာမျိုး လုံးဝမလုပ်ဘူး ဆိုရင်တောင်မှ ကိုးနာရီလောက် အချိန်ပေးရပါတယ်။ ဒါကြောင့် အချိန်ထက် ငွေကို ပိုသုံးမယ်ဆိုသူတွေကတော့ လေကြောင်းကိုသုံးတာ အကောင်းဆုံးပါပဲ။ ရထား ခရီးကတော့ လမ်းမှာ နှောင့်နှေးမှုမကြုံရဘူးဆိုရင် တောင်မှ အချိန် ၂၅ နာရီလောက် ကြာနိုင်ပါတယ်။

ကလောဟာ ကလေးတွေနဲ့ မိသားစုလိုက် ခရီးထွက်ဖို့ ဆိုလည်း နေရာကောင်းပါပဲ။ အများစုကတော့ ကိုယ်ပိုင်ကားကို အသုံးပြုကြပြီး ရန်ကုန်ကနေ နေပြည်တော်အမြန်လမ်းမကြီးအတိုင်း သွားကြပါတယ်။ နေပြည်တော်မြောက်ဘက်ပိုင်းကို ဖြတ်ကျော်လာပြီး ၂၆၂ မိုင်မှာ ချိုးကွေ့ဝင်လိုက်မယ်ဆိုရင် ကားက ပျော်ဘွယ်ဘက်ကို ဦးတည်သွားပြီး အဲဒီကနေမှ ကလောမြို့ဆီ ခရီးဆက်ပါတယ်။ လမ်းတွေက ကောင်းတာမို့ ကားမောင်းရတာ

## Where to stay

Your choice of accommodation in Kalaw is an important one and probably determined by whether you have chosen to self-drive. There are hotels and guesthouses close to the centre of town, which are ideal for visitors who have caught the bus or flown in, but anyone with their own transport can widen their search to include the hilltop retreats overlooking Kalaw or a stay in a nearby village, which has become a popular option.

Personally, I favour the Kalaw Heritage Hotel, which is close to the centre of town. There is no swimming pool and you have to live with the noise of surrounding rooms but it's a convenient location, the buffet breakfast is outstanding (a mix of Western and Myanmar) and the barman makes a killer Old Fashioned cocktail.

On another visit I also stayed in a rustic hillside bungalow in a neighbouring village. My family loved being able to cook our own meals, as well as our own space. The views across the little village were gorgeous too.

အခက်အခဲ မရှိလှပါဘူး။ ရှမ်းပြည်နယ်ထဲကို ဝင်လာတဲ့အခါမှာပဲ မတ်စောက်တဲ့ အပိုင်းတစ်ခုကို ဖြတ်ကျော်ရတာမို့ အဲဒီအချိန်လေးမှာပဲ သတိထားမောင်းနှင်ဖို့ လိုအပ်ပါတယ်။

## ဘယ်မှာ တည်းခိုမလဲ ...

ကလောမှာ ဘယ်နေရာမှာ တည်းမလဲဆိုတာ အရေးကြီးလှပါတယ်။ ဘတ်စ်ကား (သို့) လေယာဉ်နဲ့ လာကြသူတွေအတွက် မြို့လယ်ခေါင်နဲ့ နီးတဲ့ ဟိုတယ်တွေနဲ့ တည်းခိုခန်းတွေက သင့်တော်လှပါတယ်။ ကိုယ်ပိုင်ကားနဲ့ လာကြသူတွေအတွက်ကတော့ ကလောမြို့ကို အပေါ်ကနေ စီးကြည့်လို့ရတဲ့ တောင်ပေါ်အပန်းဖြေစခန်းတွေမှာလည်း တည်းခိုနိုင်တာကြောင့်မို့ ရွေးချယ်စရာက ပိုမိုများပြားပါတယ်။ ဒါမှမဟုတ်ရင်လည်း အနီးဝန်းကျင်က ကျေးရွာတစ်ရွာမှာ တည်းခိုနေထိုင်တာမျိုးကလည်း ဧည့်သည်တွေကြားမှာ ခုနောက်ပိုင်း ရေပန်းစားနေတဲ့ ရွေးချယ်မှုတစ်ခုပဲ ဖြစ်ပါတယ်။

စာရေးသူကိုယ်တိုင်ကတော့ မြို့လယ်နဲ့ သိပ်မဝေးလှတဲ့ Kalaw Heritage Hotel မှာ တည်းခိုရတာကို သဘောကျပါတယ်။ ဒီဟိုတယ်မှာ ရေကူးကန် မပါရှိသလို ဘေးအခန်းတွေက ဆူညံသံတွေကိုလည်း ကြားရနိုင်ပေမယ့် သွားရလာရ အဆင်ပြေလွယ်ကူတဲ့နေရာမှာ တည်ရှိတဲ့အချက်ကြောင့် အကြိုက်တွေ့တာပါ။ မနက်ခင်းစာဘူဖေးကလည်း မြန်မာစားစရာတွေအပြင် အနောက်တိုင်းအစားအသောက်တွေပါ တည်ခင်းပေးပြီး အထူးကောင်းမွန် လှပါတယ်။ ဟိုတယ်မှာရှိတဲ့ ဘားက ဖျော်စပ်ပေးတဲ့ Old Fashioned လို့ အမည်ပေးထားတဲ့ ကော့တေးကလည်း အရသာရှိလှပါတယ်။

နောက်တစ်ကြိမ် ကလောကို ပြန်သွားချိန်တုန်းကတော့ အနီးဝန်းကျင် ကျေးရွာက တောင်စောင်းပေါ်မှာရှိတဲ့ ဘန်ဂလိုလေးတစ်လုံးမှာ တည်းခိုခဲ့ပါတယ်။ စာရေးသူရဲ့မိသားစုတွေဟာ သီးသန့်အိမ်လေးထဲမှာ အစားအသောက်တွေ ကိုယ်တိုင်ချက်ပြုတ် စားသောက်ကြရတာကို နှစ်သက်သဘောကျကြပါတယ်။ ရွာလေးရဲ့တစ်ဖက်ကို လှမ်းမြင်ရတဲ့ ရှုခင်းတွေကလည်း အင်မတန်မှ လှပပါတယ်။









©U U Ye Kalawthar

## What to do

Prepare to be spoiled for choice. I cannot resist an early morning walk in Kalaw, carefully following the railway line and seeking out dew on flowers and spiderwebs to photograph in the perfect light. Better yet, I get to do so in peace because my family usually awakes later.

After breakfast we often explore the colourful central market in town to buy flowers, seasonal fruits, locally grown and roasted coffee, and other delights.

The well-known View Point lookout and restaurant is a short drive outside Kalaw, requiring a 5-minute walk up a steep stretch of road from where parking is available. The payoff is a stunning panoramic view over the surrounding valleys. In addition to the obligatory selfies and family pics, the restaurant offers decent food and drinks and is well worth the effort.

Similar views are also available from the pagodas and monasteries that dot the high ground around town. It's easy to drive most of the way, park and then explore at your leisure but I enjoy the challenge of covering the whole distance on foot.

## ဘာတွေလုပ်လို့ရနိုင်သလဲ ..

လုပ်စရာတွေက များလွန်းတာကြောင့် ရွေးချယ်ရခက်နေလိမ့်လို့ ကြိုတင်ပြီး သတိပေးထားချင်ပါတယ်။ စာရေးသူကတော့ မနက်စောစောပိုင်းမှာ လမ်းလျှောက်ရတာကို အလွတ်မခံနိုင်လောက်ကို သဘောကျလှပါတယ်။ မီးရထားလမ်းအတိုင်း လမ်းလျှောက်လာပြီး ပန်းပွင့်လေးတွေပေါ်မှာ တွဲခိုနေတဲ့ နှင်းရေစက်လေးတွေနဲ့ ပင့်ကူအိမ်တွေကို လိုက်ရှာဖွေပြီး မနက်ခင်းအလင်းရောင်ကောင်းကောင်းအောက်မှာ ဓာတ်ပုံရိုက်ယူရတာ အင်မတန်မှ နှစ်ခြိုက်စရာကောင်းလှပါတယ်။ မနက်ခင်းကို ပိုပြီးပြည့်စုံသွားစေတာက မိသားစုဝင်တွေ အိပ်နေကြတုန်းအချိန်မို့ စာရေးသူတစ်ယောက်တည်း လုပ်ချင်တာတွေကို အေးအေးလူလူ လုပ်ခွင့်ရတာပါပဲ။

မနက်ခင်းစာ စားသောက်ပြီးချိန်မှာတော့ စာရေးသူတို့မိသားစု လုပ်လေ့ရှိတာကတော့ မြို့ထဲက စည်ကားလွန်းလှတဲ့ ကလောမြို့မဈေးကြီးကို သွားကြပြီး ပန်းတွေ၊ ရာသီပေါ်သစ်သီးတွေ၊ ဒေသထွက်ကော်ဖီစေ့လှော် တွေနဲ့ အခြားနှစ်သက်ရာတွေကို ဝယ်ခြမ်းကြတော့တာပါပဲ။ ကလောက လူသိများတဲ့ View Point နဲ့ အဲဒီမှာရှိတဲ့ စားသောက်ဆိုင်လေးကို သွားဖို့ကတော့ မြို့ပြင်ကို ကားနဲ့ ခဏလေးသွားရုံနဲ့ ရောက်ပါတယ်။ ယာဉ်ရပ်နားရာနေရာကနေ မတ်စောက်တဲ့လမ်းလေးပေါ် ငါးမိနစ်လောက် တက်သွားလိုက်ရင် ဘေးပတ်လည်က တောင်ကြားတွေကို ကျော်လွန်ပြီး မြင်ရတဲ့ ရှုမျှော်ခင်းကျယ်ကြီးက ရင်သပ်ရှုမောဖွယ်ရာ စောင့်ကြို နေပါလိမ့်မယ်။ စားသောက်ဆိုင်မှာ ရနိုင်တဲ့ စားသောက်စရာတွေက သင့်တင်ရုံပဲရှိတယ်ဆိုပေမယ့် လှလွန်းတဲ့ရှုခင်းကို နောက်ခံထားပြီး ဓာတ်ပုံတွေ ရိုက်နိုင်တာကြောင့်လည်း ဒီနေရာလေးကို သွားရတာ တန်တယ်လို့ ညွှန်းချင်ပါတယ်။

အလားတူမြင်ကွင်းတွေကို မြို့ပတ်လည်မှာရှိကြတဲ့ ကုန်းမြင့်ပေါ်တွေက ဘုရားတွေနဲ့ ဘုန်းတော်ကြီးကျောင်းတွေကနေလည်း တွေ့မြင်နိုင်ပါတယ်။ နေရာတော်တော်များများကို ကားနဲ့သွားလို့ရတာကြောင့် အေးအေး ဆေးဆေး သွားလာလည်ပတ်လို့ ရနိုင်ပေမယ့် စာရေးသူကတော့ ခက်ခက်ခဲခဲ လုပ်ဆောင်ရတာကိုမှ နှစ်သက်သူမို့ တည်းခိုရာကနေစပြီး ခရီးတစ်ခုလုံးကို ခြေလျင်ခရီးသွားရတာကို ပိုပြီးသဘောကျပါတယ်။ ဒါကြောင့်မို့ စာဖတ်သူအနေနဲ့လည်း ခရီးကြမ်းသွားရတာမျိုးကို လုပ်ချင်တယ်ဆိုရင် ကလောကနေ အင်းလေးကန်အထိ ခြေလျင်ခရီးနဲ့ သွားတာမျိုး ပြုလုပ်နိုင်ပါတယ်။ ခရီးစဉ်တစ်ခုလုံးပြီးမြောက်ဖို့ အချိန်သုံးရက်ကြာပြီး လမ်းမှာတော့ ဘုန်းကြီးကျောင်းတွေ (သို့) မိသားစုအိမ်တွေမှာ ညအိပ်နားခိုနိုင်ပါတယ်။ ဒါမှမဟုတ်ရင် လည်း ခရီးစဉ်ကိုချုံ့ပြီး တစ်ညအိပ်၊ နှစ်ရက်ခရီးမျိုးလည်း



And if you're after a challenge, it sometimes remains possible to hike from Kalaw to Inle Lake – a journey that takes three days and includes overnight stays in homes or monasteries, but can be reduced to a two day/one night trip. This walk has amazing reviews but is subject to sudden changes – it's essential to check ahead with tour operators to ensure the route is open.

Probably the most popular day trip from Kalaw is to drive to Nyaungshwe to spend a day boating around Inle Lake. The drive takes nearly two hours and you will need to budget for at least three hours on the water, so expect to use a whole day. If you don't have a car, taxi operators will happily do the driving for you.



©U U Ye Kalawthar

ခြေလျင်ခရီးပြုလုပ်နိုင်ပါတယ်။ ဒီခရီးစဉ်တိုကို ကြိုက်နှစ်သက်တယ်လို့ သွားဖူးတဲ့သူတွေဆီကနေလည်း မကြာခဏဆိုသလို ကြားသိရပါတယ်။ ဒါပေမဲ့ လမ်းခရီးအခြေအနေက  အချိန်မရွေး ပြောင်းလဲနိုင်တာကြောင့် ခရီးကို စတင်မစီစဉ်ခင်မှာ ခရီးသွားဧည့်လမ်းညွှန်တွေထံမှာ အရင်ဆုံး မေးမြန်းစုံစမ်းကြည့်တာ အကောင်းဆုံးပါပဲ။

ဧည့်သည်တွေကြားမှာ ရေပန်းအစားဆုံး ဖြစ်နိုင်တာကတော့ ကလောကနေ ညောင်ရွှေကို နေ့ချင်းပြန်သွားပြီး အင်းလေးကန်ထဲမှာ လှည့်ပတ်ကြတဲ့ ခရီးစဉ်ပါပဲ။ ညောင်ရွှေကိုရောက်ဖို့ အချိန်နှစ်နာရီလောက် ကားနဲ့သွားရပြီး အင်းလေးကန်ထဲ လှည့်ပတ်ဖို့အတွက်ကတော့ အနည်းဆုံးဆိုရင်တောင်မှ သုံးနာရီလောက် အချိန်ပေးနိုင်ဖို့ လိုအပ်ပါလိမ့်မယ်။ ဒါကြောင့်မို့ တစ်နေကုန် အချိန်ပေးရမယ့် ခရီးစဉ်လို့သာ မျှော်လင့်ထားပါ။ ကိုယ့်ကားနဲ့ မဟုတ်ရင် လည်း တစ်နေကုန် ငှားသွားလို့ရတဲ့ အငှားယာဉ်တွေ အများကြီး ရှိပါတယ်။

> If you're after a challenge, it sometimes remains possible to hike from Kalaw to Inle Lake – a journey that takes three days and includes overnight stays in homes or monasteries, but can be reduced to a two day/one night trip.





When negotiating boat rental in Nyaungshwe, the main town on the lake's edge, it's important to agree on the sites you want to visit and those you wish to avoid. The lake is full of handicraft businesses, and personally I'd say a visit to a lotus silk weaving shop and a silversmith is enough. But I love the Jumping Cat Monastery (Nga Phe Chaung), watching the fishermen rowing with their iconic leg-powered technique and drifting past the floating tomato beds. During peak tourist season, the Jumping Cat Monastery gets many visitors, so it's worth booking ahead to ensure you can enter. But just watching people go about their lives while living on a lake is fascinating. There are restaurants at or near most of the key destinations and you will want to stop somewhere to eat. I'd recommend a test of the local rice and blended fish, which always hits the spot.

After a good few hours on the lake, it's also possible to visit the Red Mountain Estate winery in Shwe Laphone Village, especially if you have a driver (another option is to

ညောင်ရွှေရောက်လို့ အင်းလေးကန်ထဲ လည်ပတ်ဖို့ လှေငှားတဲ့အခါ ကိုယ်သွားချင်တဲ့နေရာတွေနဲ့ မသွားချင်တဲ့နေရာတွေကို ကြိုတင်ပြီး သေချာလေးပြောပြထားဖို့ အရေးကြီးပါတယ်။ ကန်ထဲမှာ ဖွင့်လှစ်ထားတဲ့ လက်မှုလုပ်ငန်းတွေက အများကြီးရှိတာကြောင့်မို့ စာရေးသူအတွက် ဆိုရင်တော့ ကြာချည်ရက်ကန်းရုံနဲ့ ငွေပန်းထိမ်အလုပ်ရုံ တစ်ခုလောက်ကို ဝင်ကြည့်ရရင် လုံလောက်နေပါပြီ။ ဒါပေမဲ့ လမ်းတစ်လျှောက်မှာ ခြေတစ်ချောင်းတည်းနဲ့ လှော်ခတ်သွားလာနေကြတဲ့ လှေသမားတွေနဲ့ ခရမ်းချဉ်သီးကျွန်းမျော စိုက်ခင်းတွေကို ကြည့်ရင်း ကြောင်ခုန် ဘုန်းကြီးကျောင်း (ငါးဖယ်ချောင်း) ကို သွားရတာတော့ သဘောကျပါတယ်။

စာရေးသူအတွက်ကတော့ ရေကန်ထဲမှာ နေထိုင်ကြသူတွေရဲ့ နေ့စဉ်လှုပ်ရှားမှုဘဝကို ကြည့်ရတာနဲ့တင် ဒီခရီးကိုလာရတာ တန်နေပါပြီ။ ခရီးသည်တွေ အဓိကသွားလာကြတဲ့နေရာတွေနဲ့ အဲဒီအနီးအနားတွေမှာ စားသောက်ဆိုင်တွေရှိပြီး စားသောက်ဖို့အတွက် တစ်နေရာမှာတော့ နားကြရမှာပါ။ စားစရာထဲမှာ စာရေးသူကတော့ ရှမ်းဆန်အိအိလေးနဲ့ ငါးထမင်းနယ်ကို အင်းလေး ရောက်တိုင်း စားလေ့ရှိပြီး အမြဲတမ်းလည်း ခံတွင်းတွေ့ကြိုက်နှစ်သက်လှပါတယ်။ ကန်ထဲမှာ နာရီအနည်း ငယ်လောက် လှည့်လည်ပြီးပြီဆိုရင် ရွှေလဖုန်းကျေးရွာမှာတည်ရှိတဲ့ Red Mountain ဝိုင်ခြံကို သွားလည်နိုင်ပါသေးတယ်။ (အထူးသဖြင့် ကိုယ်တိုင်ကားမောင်းတာမဟုတ်ဘဲ အငှားယာဉ်မောင်းနဲ့ လာတာ ဆိုရင်ပေါ့။) နောက်ထပ်ရွေးချယ်စရာတစ်ခုကတော့ ညောင်ရွှေမှာ စက်ဘီးငှားပြီး ဝိုင်ခြံကို ခရီးတိုအဖြစ် စက်ဘီးနဲ့ သွားလည်ကြတာပါပဲ။ ချစ်စဖွယ်ကောင်းတဲ့ ဝိုင်ခြံလေးမှာ သူ့ရဲ့အကောင်းဆုံးအရသာ ဝိုင်မျိုးစုံကို မြည်းစမ်းကြည့်တာက တစ်နေ့တာကို အဆုံးသတ်ဖို့ နည်းလမ်း ကောင်းတစ်ခုပါပဲ။ ဒါပေမဲ့ ကလောကို ပြန်ရောက်ဖို့ အချိန်နှစ်နာရီ ကားပြန်မောင်းရဦးမယ်ဆိုတာကိုတော့ မမေ့နဲ့ပေါ့။



# Enriching Moments at Global Destination

Meet LOTTE in global cities, boasting of unparalleled reputation and caring services. Even at this very moment, we strive for elegance and sophistication in all our facilities and services.



LA SEINE
ALL-DAY DINING RESTAURANT




TOH LIM
CHINESE RESTAURANT



MUGUNGHWA
KOREAN RESTAURANT




POOLSIDE BAR & BBQ



OUTDOOR
SWIMMING POOL



FITNESS CENTER



SAUNA



SCREEN GOLF LOUNGE

LOTTE HOTELS

No. 82, Sin Phyu Shin Avenue, Pyay Road, 6½ Mile, Ward 11, Hlaing Township, Yangon, Myanmar
Tel: +95 1 9351000 Email: reservation.mm@lotte.net Web: www.lottehotel.com/yangon-hotel

rent a bicycle in Nyaungshwe for the short ride to the vineyard). The charming estate offers tastings of all its best wines and is a wonderful way to cap off the day but remember it's a two-hour drive back to Kalaw.

## Where to eat

Like most of the elevated hill towns in Myanmar, Kalaw has a vibrant mix of ethnic groups that call it home. This is a colonial legacy: the British brought in Gurkhas from Nepal, as well as Indians, to form its civil service and grow orchards. Thankfully, that mix pays off today on the dinner plate: some of the best Nepali-inspired food in Myanmar can be found in Kalaw. I speak here of Everest Nepali Food Centre, which is right in the centre of town. However, on my last visit I noted that while the food remained excellent, there were too many diners and it took a while to deliver the food.

There are also excellent Indian options available, alongside Shan, Myanmar and Chinese restaurants. Hidden away on a hillside near Kalaw Heritage Hotel is a little gem: New Simple Life Inn and Restaurant. Here you can sample pizzas and sandwiches made from local ingredients and cooked on a wood-fired oven.

If you need a break from the heat in Yangon, there are few places better to cool off and unwind than Kalaw.



©U U Ye Kalawthar

## ဘယ်မှာ စားသောက်ကြမလဲ ...

မြန်မာနိုင်ငံအတွင်းက တောင်ပေါ်မြို့အများစုမှာလိုပဲ ကလောမှာလည်း တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြပါတယ်။ ကိုလိုနီခေတ်မှာ ဗြိတိသျှတွေဟာ သစ်ခွစိုက်ပျိုးရေးမှာ လုပ်ကိုင်စေဖို့နဲ့ သူတို့ရဲ့ အရပ်ဘက်ဝန်ဆောင်မှုဌာနတွေကို လည်ပတ်နိုင်ဖို့အတွက် အိန္ဒိယလူမျိုးတွေအပြင် နီပေါနိုင်ငံကနေ ဂေါ်ရခါးလူမျိုးတွေကိုပါ မြန်မာနိုင်ငံတွင်းကို ခေါ်ဆောင်လာခဲ့ပါတယ်။ ဒီလူမျိုးတွေရောက်လာခဲ့တဲ့ ကောင်းတဲ့အချက်က ဒီနေ့ခေတ်မှာ မြန်မာနိုင်ငံအတွင်းမှာ ရနိုင်တဲ့ အကောင်းဆုံးလို့ဆိုနိုင်တဲ့ နီပေါအစားအစာတချို့ကို ကလောမြို့မှာပဲ ရနိုင်တာပဲဖြစ်ပါတယ်။ ကလောမြို့လယ်ခေါင်မှာရှိတဲ့ Everest အမည်ရ စားသောက်ဆိုင်ဟာ နီပေါအစားအသောက်နဲ့ နာမည်ကြီးလှပါတယ်။ ဒါပေမဲ့လည်း စာရေးသူ ဒီဆိုင်ကို ပြီးခဲ့တဲ့အကြိမ်က ရောက်ခဲ့စဉ်မှာတော့ စားစရာတွေက သူ့ထုံးစံအတိုင်း ကောင်းမြဲကောင်းဆဲပေမယ့် ဧည့်သည်တွေများလွန်းတာကြောင့် မှာထားတဲ့ စားစရာတွေကိုရဖို့ကိုတော့ အချိန်တော်တော်ကြာ ကြာလေး စောင့်လိုက်ရပါတယ်။

ရှမ်း၊ မြန်မာနဲ့ တရုတ်စားသောက်ဆိုင်တွေအပြင် လက်ရာကောင်းတဲ့ အိန္ဒိယအစားအသောက်တွေကိုလည်း ကလောမှာ မြည်းစမ်းနိုင်ပါတယ်။ နောက်ထပ်ညွှန်းချင်တဲ့ ဆိုင်ကောင်းလေးတစ်ဆိုင်ကိုတော့ Kalaw Heritage ဟိုတယ်နားက တောင်စောင်းလေးပေါ်မှာ ဖွင့်ထားတာကြောင့် အလွယ်တကူ မြင်တွေ့နိုင်တဲ့နေရာမှာတော့ မဟုတ်ပါဘူး။ တည်းခိုဆောင်နဲ့ တွဲဖက်ဖွင့်ထားတဲ့ New Simple Life စားသောက်ဆိုင်မှာ လတ်ဆတ်တဲ့ ဒေသထွက်ပစ္စည်းတွေကို အသုံးပြုပြီး ပြင်ဆင်ပေးတဲ့ sandwich နဲ့ ထင်းမီးဖိုဖြင့် ဖုတ်ပေးတဲ့ ပီဇာမျိုးစုံကို ရရှိနိုင်ပါတယ်။ ရန်ကုန်ရဲ့အပူဒဏ်ကနေ ခဏလောက် လွတ်မြောက်ချင်တယ်ဆိုရင်တော့ ကလောမြို့လောက် သင့်တော်တဲ့ နေရာမရှိတော့ဘူးလို့သာ စာရေးသူ ကတော့ ညွှန်းချင်ပါတော့တယ်။





Kalaw is only 45 minutes drive from Heho.
Mann Yadanarpon Airlines flies to Heho every day.
Please check the flight schedule at our website:
www.airmyp.com

Some photos are courtesy of U U Ye Kalawthar
Trekking tours can be arranged by calling U U Ye on 09258310379.


BNH HOSPITAL SINCE 1898
နှစ်ပေါင်း (၁၂၆) တိုင် နာမည်ကောင်းနဲ့ရပ်တည်နေသော
ထိုင်းနိုင်ငံ၏ 'ပထမဦးဆုံး' အပြည်ပြည်ဆိုင်ရာပုဂ္ဂလိကဆေးရုံကြီး
BNH Hospital
BNH ဆေးရုံကြီးကို ၁၈၉၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး၊ JCI အသိအမှတ်ပြုလက်မှတ်၊
ထိုင်းနိုင်ငံ HA အသိအမှတ်ပြုလက်မှတ် များ၊အပြင်၊ နိုင်ငံအသီးသီးမှ ဂုဏ်ပြုထုတ်ဆိပ်ပေါင်းမြောက်များစွာ ရရှိထားသည့်
ကမ္ဘာ့အဆင့်မီဆေးရုံကြီးတစ်ခုဖြစ်ပါတယ်။
• ခါးရိုး - ကျောရိုး - လည်ပင်းရိုး ခွဲစိတ်ကုသမှု
• ဒူးခွဲစိတ်ကုသမှု
• မီးယပ်ရောဂါကုသမှု
• အမျိုးသားဆီးကျိတ်ကုသမှုများတွင်
"ထိုင်းနိုင်ငံထိပ်တန်း" အဆင့်က ရပ်တည်နေပါတယ်။
တည်နေရာအားဖြင့်လည်း ဘန်ကောက်မြို့လယ်
အချက်အချာကျပြီး သွားလာရလွယ်ကူတဲ့
စီးလုံ (Silom) မှာ တည်ရှိပါတယ်။
အရည်အသွေးပြည့်ဝသောကုသစောင့်ရှောက်မှု (Quality Care) နှင့် အကောင်းဆုံးရလဒ် (The Best Outcomes) များကြောင့်
လူနာများ၊ အထူးစိတ်ကျေနပ်မှုရရှိပြီး ဂုဏ်သတင်းမွှေးပျံ့လျက်ရှိပါတယ်။
ရန်ကုန် : 09 94004 7788, 09 955 450 590 | မန္တလေး : 09 94004 7787, 09 79 7770 281


Tori နဲ့ ခရီးသွားမယ်
Experience Our World
TORI TRAVEL
OUR SERVICES
ခရီးသွားအာမခံနှင့် ဗီဇာဝန်ဆောင်မှု
ပြည်တွင်း ပြည်ပ ဟိုတယ် Booking များ
Exclusive Partner of Travellanda, EVA Air and Thai Airways
Tori နဲ့ ခရီးသွားမယ်
PLATINUM
GOLD
SILVER
BRONZE
ခရီးတွေထွက်ပြီး Point တွေစု Point တွေစုပြီး ခရီးတွေထွက်
TRAVELLER CLUB
အနယ်နယ်အရပ်ရပ်မှလွယ်ကူစွာဝယ်ယူပါ...
AYA
C B BANK
KBZ BANK
KBZPAY
No.94/96 and 98/100, Ground Floor, BoAungKyaw Street (Lower Block),
BoTaHtaung Township, 11161, Yangon, Myanmar.
01 8380211, 01 8378800, 09 77777 25 66

# A TALE OF THE SANDS: Ngapali Beach

# ငပလီကမ်းခြေက သဲပုံပြင်

*Mark Calaway*

The saying goes that absence makes the heart grow fonder. This is normally applied to missing a loved one, but in this instance, it's for a place: beautiful Ngapali beach in Rakhine State.

And it's been far too long since I've touched the glorious white sands of Ngapali and dipped my toes in the clear waters that make it so very special. The main beach is about 7 kilometres long and forms a gentle crescent. Whether you're spending a weekend or a week, Ngapali has so much to offer.

“ဝေးကွာနေရတာ ကြာရှည်လွန်းလှတဲ့အခါ ချစ်ခင်တမ်းတမှုဟာ ပိုလို့သာ တိုးများလာရတယ်”တဲ့။ ဒီဆိုရိုးစကားက ကိုယ်ချစ်ရတဲ့သူတွေကို လွမ်းဆွတ်သတိရတဲ့အခါ ပြောဆိုကြတာပါ။ ဒါပေမဲ့ စာရေးသူကတော့ နေရာလေးတစ်ခုကို ညွှန်းဆိုပြောချင်တာပါ။ အဲဒီနေရာကတော့ ရခိုင်ပြည်နယ်ထဲက ‘ငပလီကမ်းခြေ’ ပါပဲ။

စာရေးသူမှာ ငပလီကမ်းခြေကို မရောက်ဖြစ်တာ တော်တော်လေး ကြာလှပြီဖြစ်တဲ့အခါ သူ့ရဲ့သဲဖြူဖွေးဖွေး၊ အိအိထွေးထွေးလေးကို ထိတွေ့ရတာ၊ ကြည်မြနေတဲ့ ရေထဲမှာ ခြေချောင်းလေးတွေကို နှစ်စိမ်ရတာကို သတိရလွမ်းဆွတ်လှပါတယ်။ ငပလီရဲ့ပင်မကမ်းခြေ တစ်ခုလုံးဟာ ၇ ကီလိုမီတာ ရှည်လျားပြီး လခြမ်းပုံသဏ္ဍာန် ရှိပါတယ်။ သွားရောက်သူတွေအနေနဲ့ စနေ၊ တနင်္ဂနွေ ပိတ်ရက်နှစ်ရက်လောက်ပဲ နေကြတာပဲဖြစ်စေ၊ အချိန်ပိုပေးနိုင်လို့ တစ်ပတ်လောက်နေတာပဲဖြစ်စေ၊ ငပလီမှာ လုပ်လို့ရနိုင်တာတွေကတော့ အများကြီးပါပဲ။





## Getting there

Getting to Ngapali is not a complicated business: you can either fly from Yangon (or Sittwe), drive (if you have a valid Myanmar licence), hire a car and driver, or take the bus. Flight is definitely the fastest and easiest option: The road routes take approximately 9-10 hours from Yangon, while the flight to Thandwe Airport is just 45 minutes. Be sure to bring your passport and/or CSC – despite being a domestic destination all travellers are required to pass through immigration upon arrival.

## ငပလီကို ဘယ်လိုသွားမလဲ

ငပလီကိုရောက်ဖို့ သွားရတာ ရိုးရှင်းပါတယ်။ ရန်ကုန်ကနေ (သို့) စစ်တွေကနေ လေကြောင်းခရီးနဲ့ သွား/ပြန်လို့ရသလို၊ သက်တမ်းရှိသေးတဲ့ မြန်မာယာဉ်မောင်းလိုင်စင်ရှိတယ်ဆိုရင် ကိုယ်တိုင်ကားမောင်းပြီးလို့လည်းသွားလို့ရပါတယ်။ ဒါမှမဟုတ် ယာဉ်မောင်းအပါအဝင် ကားစင်းလုံးငှားသွားတာပဲဖြစ်ဖြစ်၊ ဘတ်စ်ကားနဲ့ဆိုလည်း သွားလို့ရောက်နိုင်တာပါပဲ။ လေကြောင်းကတော့ အမြန်ဆုံးနဲ့ အလွယ်ကူဆုံးပါ။ ကုန်းလမ်းကနေဆိုရင်တော့ ရန်ကုန်ကနေသွားရင် ၉ နာရီကနေ ၁၀ နာရီ ဝန်းကျင်လောက် အချိန်ပေးရမှ ဖြစ်ပြီး လေယာဉ်ခရီးကတော့ ၄၅ မိနစ်ဆိုရင် သံတွဲကိုရောက်ပါပြီ။ ပြည်တွင်းခရီးစဉ်ဖြစ်ပေမယ့် ခရီးသွားတွေအားလုံးဟာ လူဝင်မှုကြီးကြပ်ရေးဂိတ်ကို ဖြတ်သန်းသွားဖို့ လိုအပ်တာမို့ နိုင်ငံကူးလက်မှတ် (သို့) နိုင်ငံသားကတ်ပြား (သို့) နှစ်ခုစလုံးဖြစ်စေ ယူလာခဲ့ဖို့တော့ မမေ့ပါနဲ့။

## Where to stay

Once upon a time a lot of the accommodation at Ngapali was aimed at the high end – expensive and plush rooms or bungalows at resorts – but over the years some savvy operators developed more affordable options. These days Ngapali has a room for every taste and every budget. The pricier hotels tend to have a beachfront location, bigger and better equipped rooms, swimming pools and longer periods of generator-powered electricity.

## ဘယ်မှာတည်းခိုမလဲ

လွန်ခဲ့တဲ့အချိန်တွေမှာတော့ ငပလီမှာရှိတဲ့ တည်းခိုစရာတွေဟာ အထူးတလည် ပြင်ဆင်ထားတဲ့ အဆင့်မြင့် အခန်းမျိုး (သို့) လုံးချင်းဘန်ဂလို အခန်းပုံစံမျိုးတွေဖြစ်ကြပြီး ဈေးနှုန်းကလည်း တော်တော်လေးကို မြင့်မားပါတယ်။ ဒါပေမဲ့ နှစ်ကာလပြောင်းလဲလာတဲ့အခါ စီးပွားရေးဈေးကွက်ကို နားလည်ကြတဲ့ လုပ်ငန်းရှင်တွေဟာ လူအများတတ်နိုင်ကြတဲ့ တည်းခိုစရာတွေကို ဖွင့်လှစ်လာကြပါတယ်။ ဒီနေ့ခေတ်မှာဆိုရင် ငပလီက တည်းခိုစရာတွေဟာ လူအများအတွက် ရွေးချယ်နိုင်စရာပုံစံအမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုးနဲ့ ဖြစ်လာကြပါပြီ။ ဈေးမြင့်တဲ့ ဟိုတယ်တွေဟာ ကမ်းခြေတည့်တည့်ကို မျက်နှာမူထားတဲ့ နေရာမျိုးမှာ တည်ရှိပြီး ဝန်ဆောင်မှု အပြည့်အစုံနဲ့ ကျယ်ဝန်းတဲ့ အခန်းမျိုးတွေ ထားရှိကြပါတယ်။ ရေကူးကန်တွေလည်း ပါဝင်သလို အခန်းအတွင်းမှာ လျှပ်စစ်မီးရနိုင်တဲ့ အချိန်ကလည်း ပိုပြီးကြာမြင့်ပါတယ်။

## Where to eat

Here's where your choice of accommodation can be a touch more important. If you stick to one of the more established zones, you will almost certainly have better dining options. Restaurants are mostly located on the main road or within the hotels/resorts.

If seafood is not your thing, there will always be other choices on the menu – the resorts offer Western fare and most roadside restaurants will have vegetarian selections. But the option of large tiger prawns cooked as you like, grilled fish or squid, curried crab and even lobster are impossible to resist. And if you're a fan of mohinga, why not try Rakhine State's own version of the fishy soup – moneti. Saltier and spicier than mohinga, Rakhine's all-day favourite is available pretty much everywhere and you can rest assured that the ingredients will be fresh.







## ဘယ်မှာစားသောက်ကြမလဲ

ဒီမေးခွန်းက ကိုယ်ရွေးချယ်လိုက်တဲ့ တည်းခိုရာနေရာပေါ်မှာ အများကြီး မူတည်ပါတယ်။ တကယ်လို့ ဖွင့်လှစ်ထားတာ မကြာသေးတဲ့ နေရာမျိုးထက် သက်တမ်းကြာပြီဖြစ်တဲ့ ဟိုတယ်ဇုန်တွေထဲကမှ တစ်နေရာကို ရွေးချယ်လိုက်တယ် ဆိုရင်တော့ အစားအသောက်အတွက် ရွေးချယ်စရာဆိုင်တွေက ပိုပြီး များပြားနိုင်ပါတယ်။ စားသောက်ဆိုင်တွေဟာ များသောအားဖြင့် ပင်မလမ်းမကြီးပေါ် (သို့) ဟိုတယ်တွေ/အပန်းဖြေစခန်းတွေထဲမှာ ဖွင့်လှစ်ထားကြပါတယ်။

ပင်လယ်စာတွေကို မကြိုက်ဘူးဆိုရင်လည်း စိတ်မပူပါနဲ့၊ ဟင်းလျာစာရင်းထဲမှာ အခြားရွေးချယ်စရာအမည်တွေ အမြဲရှိနေတတ်ပါတယ်။ အပန်းဖြေစခန်းတွေမှာ အနောက်တိုင်းအစားအစာတွေ ရောင်းချလေ့ရှိပြီး လမ်းမကြီးဘေးမှာ ဖွင့်ကြတဲ့ စားသောက်ဆိုင်တွေမှာတော့ အသီးအရွက်ဟင်းပွဲတွေ ရနိုင်ပါတယ်။ ဒါပေမဲ့ ကိုယ့်စိတ်ကြိုက် အနေအထားမျိုး ကင်ပေးတဲ့ ပုစွန်ကျား အကောင်ကြီးတွေ၊ ငါး (သို့) ပြည်ကြီးငါးကင်၊ ဂဏန်းဟင်းနဲ့ ပုစွန်တုပ်တွေကို မမြည်းစမ်းဘဲ မျက်နှာလွှဲနေဖို့ဆိုတာ မဖြစ်နိုင်လှပါဘူး။ မုန့်ဟင်းခါးကြိုက်သူဆိုရင်တော့ ရခိုင်ဓလေ့အတိုင်း ချက်ထားတဲ့ ရခိုင်မုန့်တီကို မြည့်စမ်းကြည့်သင့်ပါတယ်။ ရခိုင်တိုင်းရင်းသားတွေ အမြဲတမ်း နှစ်နှစ်ခြိုက်ခြိုက်စားလေ့ရှိတဲ့ မုန့်တီကို ငပလီက နေရာတိုင်းနီးပါးမှာ ရရှိနိုင်ပြီး အသုံးပြုထားတဲ့ငါးနဲ့ ပါဝင်ပစ္စည်းတွေကလည်း လတ်ဆတ်နေမှာ အသေအချာပါပဲ။

> It's very easy at Ngapali to do almost nothing beyond eat, drink, swim, lounge, sleep and repeat – and that makes it a perfect weekend getaway to recharge your batteries. But if you've got a few days, Ngapali has so many options available.



## What to do

It's very easy at Ngapali to do almost nothing beyond eat, drink, swim, lounge, sleep and repeat – and that makes it a perfect weekend getaway to recharge your batteries. But if you've got a few days, Ngapali has so many options available.

Boat tours are available that ferry punters on long-tail boats for half-day tours departing in the early morning and returning around lunch-time. Tours typically take in a bit of fishing with hand reels, snorkelling in the crystal clear waters around Pearl Island and perhaps a visit to a secluded beach for a picnic.

It's also a fun place to explore on two wheels. Both bicycles and motorcycles (if you have a Myanmar car licence) can be hired at hotels or roadside stands for small fees. My preferred destinations are the nearby town of Thandwe, the southern tip of Ngapali beach at Gyeik Taw village and the slightly wild beach north of the airport.







If you plan to visit Thandwe, it's perhaps best to do so by motorcycle, since it's about 13 kilometres from the main beach. The main market is fascinating, especially the seafood area, where you can see large tuna, rays and barracuda being traded.





A visit to Gyeik Taw, meanwhile, is both a pleasant ride and an opportunity to experience a working fishing village and catch a glimpse of real life in Rakhine State. Highlights include a shop selling locally caught lobsters and the lighthouse on a promontory at the end of the beach.

A visit north of the airport is within cycling range and a fun excursion. Time your ride carefully and you'll be able to rest on the road between the tarmac and the water as planes pass directly overhead. Soon after the airport the road diverts away from the beach and passes through a small patch of forest before rejoining the coast. This stretch is gorgeous and sparsely populated. There are few fishing families or resorts, leaving the white sands free of other tourists.

No matter where you choose to stay and what activities you do, Ngapali will delight, whether it's your first visit or your 50th.





Thandwe, Ngapali Beach is only 50 minutes flight from Yangon. Mann Yadanarpon Airlines flies to Thandwe four days a week. Please check the flight schedule at our website: www.airmyp.com

## ဘာတွေလုပ်လို့ရနိုင်သလဲ

ငပလီမှာ ဘာမှမလုပ်ဘဲ နေရတာ အရမ်းကိုလွယ်ပါတယ်၊ စားမယ်၊ သောက်မယ်၊ ရေကူးမယ်၊ ပြီးတဲ့အခါ နားမယ်၊ အိပ်မယ်၊ ပြီးရင် ဒါတွေကိုပဲ တကျော့ပြန်လုပ်မယ်။ ဒါကြောင့် ငပလီက ပိတ်ရက်မှာ နားနေပြီး ပင်ပန်းနေတာတွေကို ပြန်လည်အားပြည့်စေဖို့ နေရာကောင်း ဆိုလည်း မမှားပါဘူး။ ဒါပေမယ့် အားလပ်ရက် ပိုရတယ် ဆိုရင်တော့ အခြားလုပ်နိုင်စရာတွေအများကြီး ငပလီမှာ ရှိနေပါတယ်။ မနက်စောစော စထွက်ပြီး နေ့လယ်ထမင်းစားချိန်လောက် ပြန်ရောက်တဲ့ နေ့တစ်ဝက် သွားရတဲ့ လှေခရီးစဉ်တွေရှိသလို ခရီးစဉ်အတွင်းမှာ လက်နဲ့ရစ်ရတဲ့ ငါးဖမ်းတံနဲ့ ငါးမျှားတာမျိုး၊ ပုလဲကျွန်းတစ်ဝိုက်က ကြည်လင်နေတဲ့ ရေပြင်မှာ ရေငုပ်ပြီး ရေအောက်အလှအပကို ကြည့်ရှုကြတာမျိုးတွေ ပြုလုပ်နိုင်ပြီး လူသွားလူလာနည်းတဲ့ ကမ်းခြေတစ်ခုခုကို သွားရောက်ပြီး အေးအေးလူလူ စားသောက်ကြတာမျိုးလည်း ပြုလုပ်နိုင်ပါတယ်။

စက်ဘီး (သို့) မော်တော်ဆိုက်ကယ် (ဆိုက်ကယ်စီးဖို့က မြန်မာယာဉ်မောင်းလိုင်စင်ရှိဖို့ လိုအပ်ပါတယ်) စီးပြီး မြို့ကိုပတ်ရတာကလည်း ပျော်ဖို့ကောင်းပါတယ်။ စိတ်ဝင်စားတယ်ဆိုရင် ဟိုတယ်တွေ (သို့) လမ်းဘေးမှာ ဖွင့်ထားတဲ့ ဆိုင်တွေကနေ ငှားစီးလိုက်ရုံပါပဲ။ စာရေးသူ အကြိုက်တွေ့တဲ့ နေရာတွေကတော့ အနီးအနားက သံတွဲမြို့၊ ပြီးတဲ့အခါ ငပလီကမ်းခြေ တောင်ဘက်စွန်းက ဂျိတ်တောကျေးရွာနဲ့ လေဆိပ်ရဲ့ မြောက်ဘက်မှာ ရှိတဲ့ လူသူအသွားအလာ နည်းပါးသေးတဲ့ ကမ်းခြေတို့ပါပဲ။ သံတွဲကို သွားမယ်ဆိုရင်တော့ အကွာအဝေးက ငပလီရဲ့ပင်မကမ်းခြေကနေ ၁၃ ကီလိုမီတာလောက် လှမ်းတာကြောင့်မို့ မော်တော်ဆိုက်ကယ်နဲ့ သွားတာက ပိုပြီးအဆင်ပြေပါလိမ့်မယ်။ သံတွဲမြို့မဈေးကြီးဟာ စိတ်ဝင်စားဖို့ကောင်းလှပြီး အထူးသဖြင့် အကောင်ကြီး တူနာငါးတွေ၊ ငါးလိပ်ကျောက်နဲ့ အခြားငါးမျိုးစုံကို ရောင်းဝယ်ဖောက်ကားနေတဲ့ ပင်လယ်စာတန်းဟာ လိုက်ကြည့်စရာတွေ များလွန်းလှပါတယ်။

'ဂျိတ်တော' ရွာလေးကို သွားလည်ရတာကလည်း ခရီးလမ်းတလျှောက်မှာ နှစ်လိုဖွယ်ကောင်းလှပါတယ်။ ရခိုင်တိုင်းရင်းသားတွေရဲ့ လူနေမှုပုံစံ အစစ်ကို တစ်စေ့တစ်စောင်း သိရှိခွင့်ရခဲ့တဲ့အပြင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြပုံကိုလည်း လေ့လာခွင့်ရရှိခဲ့ပါတယ်။ အကြိုက်ဆုံးကတော့ ဖမ်းမိထားတဲ့ လတ်လတ်ဆတ်ဆတ် ပုစွန်တုပ်တွေ ရောင်းချနေတဲ့ ဆိုင်လေးနဲ့ ကမ်းခြေနေရာအဆုံးက ကုန်းမြင့်ပေါ်မှာရှိနေတဲ့ မီးပြတိုက်ပါပဲ။

လေဆိပ်ရဲ့မြောက်ဘက်ခြမ်းကတော့ သိပ်မဝေးတာမို့ စက်ဘီးနဲ့ သွားရတာဟာ ပျော်စရာကောင်းပါတယ်။ စက်ဘီးစီးရတဲ့လမ်းက လေယာဉ်ပြေးလမ်းနဲ့ ကမ်းခြေကြားမှာ ရှိတာကြောင့်မို့ လေယာဉ် ဆိုက်ချိန်နဲ့ အချိန်ကိုက်ပြီး ထွက်လာနိုင်မယ်ဆိုရင် လေယာဉ်ဟာ ခေါင်းပေါ်တည့်တည့်ကနေ ကပ်ပြီး ပျံဆင်းလာတဲ့ အတွေ့အကြုံမျိုးကို ရရှိနိုင်ပါလိမ့်မယ်။ လေဆိပ်ကိုကျော်လာပြီဆိုရင် လမ်းက ကမ်းခြေကနေ ဖယ်ခွာသွားပြီး ငါးဖမ်းမိသားစုအနည်းငယ်နဲ့ အပန်းဖြေဟိုတယ်တချို့ လောက်သာရှိတဲ့ တောအုပ်လေးတစ်ခုကို ဖြတ်သွားပါတော့တယ်။ တောအုပ်လေးဟာ လူသွားလူလာနည်း၊ တိတ်ဆိတ်ကာ လှပလွန်းလှပြီး သူ့ရဲ့သဲဖြူဖြူတွေ ပေါ်မှာ ဘယ်သူမဆို လာရောက်လှဲလျောင်းနားစက်ဖို့ ဖိတ်ခေါ်နေသလိုပါပဲ။ တောအုပ်အလွန်မှာတော့ ကမ်းခြေကို တဖန် ပြန်ရောက်လာပါတယ်။

နိဂုံးချုပ်တဲ့အနေနဲ့ ပြောရရင် ဘယ်လိုနေရာမျိုးမှာ တည်းခိုသည်ဖြစ်စေ၊ ဘယ်လိုအရာတွေကိုပဲ လုပ်သည် ဖြစ်စေ၊ ပထမအကြိမ်လာတာပဲဖြစ်စေ၊ အကြိမ် ၅၀ မြောက် ရောက်လာတာပဲဖြစ်စေ၊ ငပလီကမ်းခြေဟာ ဧည့်သည် တိုင်းအတွက် အမြဲတမ်း ပျော်စရာကောင်းတဲ့ နေရာတစ်ခု ဖြစ်နေမှာပါ။

# Eat, drink & make merry

## IN THE COMMERCIAL CAPITAL

*Mark Calaway*

Looking for a cool place to grab a bite to eat or enjoy some post-work drinks with friends in Yangon? If so, you've probably never had so many options in the commercial capital because in recent years the F&B sector has enjoyed unprecedented investment.

Here's a small selection of my favourite restaurants and bars in Yangon – a healthy mix of the old and the new.

တစ်နေ့တာ လုပ်ငန်းခွင်ပြီးလို့ သူငယ်ချင်းတွေနဲ့ သောက်ကြဖို့ဆိုရင်ပဲဖြစ်ဖြစ် (သို့) တစ်ခုခုစားကြဖို့ပဲဖြစ်ဖြစ် နေရာကောင်းတစ်ခုကို လိုက်ရှာနေတယ်ဆိုရင် ရန်ကုန်မှာ ရွေးချယ်စရာနေရာတွေမှ အများကြီးပါပဲ။ ဘာကြောင့်လဲဆိုရင် ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ အရင်က မကြုံခဲ့ဖူးတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အစားအသောက်နဲ့ အဖျော်ယမကာနယ်ပယ်ထဲမှာ ပြုလုပ်လာကြလို့ပါပဲ။ ဒီအထဲကမှ စာရေးသူ ကြိုက်နှစ်သက်တဲ့ စားသောက်ဆိုင်နဲ့ ဘားတချို့ကို ဖော်ပြပေးလိုက်ပါတယ်။ အသစ်ဖွင့်လှစ်ထားတာတွေရော၊ ဖွင့်ထားတာကြာပြီဖြစ်တဲ့ ဆိုင်ဟောင်းတွေပါ ဒီစာရင်းထဲမှာ ပါဝင်ပါတယ်။





# Babett Yangon

## 5 ALAN PYA PAGODA STREET, YANGON

Located in the ground floor of Hotel G, Babett caters mainly to employees of corporate offices located in the downtown area. Offering a mostly Western menu, Babett is a professionally run restaurant: meals are delivered in reasonable time and to a consistent standard. The two- and three-course lunch menus are competitively priced and aimed at people with just enough time to chat, eat and return to work. The décor is modern and the music is usually subtle and stays in the background. Towards the end of the day, Babett transforms, offering the same crowd a cool venue to have drinks and a meal after work.






Hotel G မြေညီထပ်မှာ ဖွင့်လှစ်ထားတဲ့ Babett ရဲ့ အဓိကဖောက်သည်တွေဟာ မြို့လယ်ခေါင်ဧရိယာ အတွင်းမှာရှိတဲ့ ကုမ္ပဏီကြီးတွေ၊ လုပ်ငန်းစုတွေက ဝန်ထမ်းတွေပဲဖြစ်ပါတယ်။ အနောက်တိုင်းစားစရာတွေကို အဓိကရောင်းချပြီး စီမံခန့်ခွဲမှုကောင်းမွန်စွာနဲ့ လည်ပတ်နေတဲ့ စားသောက်ဆိုင်ဖြစ်တာကြောင့် အစားအသောက်တွေကို သင့်တင့်မျှတတဲ့ အချိန်အတွင်းမှာ ပြင်ဆင်ပေးနိုင်တာ၊ အရည်အသွေးကောင်းကိုလည်း အမြဲထိန်းသိမ်းထားနိုင်တာက ဒီဆိုင်ရဲ့စံနှုန်းတွေပါပဲ။ နေ့လယ်စာစားချိန်မှာ ရုံးဝန်ထမ်းတွေ အတွက် အချိန်သိပ်မကြာစေဘဲ စကားပြောရင်း လွယ်လွယ်ကူကူ စားသောက်လို့ရမယ့် စားစရာ ကောင်းကောင်းတွေကို နှစ်မျိုးကနေ သုံးမျိုးလောက်သာ ဈေးအသင့်အတင့်နဲ့ ပြင်ဆင်ရောင်းချပေးပါတယ်။ ခေတ်ပေါ်ဒီဇိုင်း ဆိုင်အပြင်အဆင်နဲ့ ဆိုင်ထဲမှာ ဖွင့်ပေးထားတဲ့ တေးသွားကိုလည်း လုံလောက်စွာ ကြားရရုံမို့ ပုံမှန်အားဖြင့် ဧည့်သည်တွေ စကားစမြည် ပြောဆိုကြတာကို အနှောက် အယှက် မဖြစ်စေပါဘူး။ တစ်နေ့တာကုန်ဆုံးခါနီး ညနေစောင်းပြီ ဆိုရင်တော့ အလုပ်ဆင်းလာကြတဲ့ ဝန်ထမ်းတွေအတွက် သောက်စရာတွေနဲ့ စားစရာတွေကို အေးအေးဆေးဆေး စားသောက်နိုင်တဲ့ နေရာတစ်ခုအဖြစ် အသွင်ပြောင်းသွားပါ တော့တယ်။

# Taverna

## 5B, PYI TAW AYE YEIKTHAR STREET, YANKIN TSP



While many of the new venues have been established in Golden Valley, plenty more have sprung up to the east in Yankin township, where the combination of wide roads and additional parking contributes to a more relaxing experience for diners. Enter Taverna, a nod to old school class and design. Here you'll find refurbished furniture, vintage stained glass windows, posters and pictures from the distant past alongside punchy cocktails and a range of light meals designed to complement the drinks.










စားသောက်ဆိုင်အသစ်တွေ တော်တော်များများ ရွှေတောင်ကြားထဲမှာ ဖွင့်လှစ်ထားကြစဉ်မှာ ကျယ်ဝန်းတဲ့ လမ်းတွေနဲ့ ကားရပ်နားဖို့နေရာ ပိုမိုများပြားပြီး ဧည့်သည်တွေအတွက် သက်သောင့်သက်သာ သွားလာနိုင်တဲ့ အချက်တွေကြောင့် ရွှေတောင်ကြားအရှေ့ပိုင်းက ရန်ကင်းမြို့နယ်ထဲမှာလည်း ဆိုင်ပေါင်းများစွာ တိုးပွားလာပါတယ်။ Taverna ဆိုင်ထဲကို ဝင်သွားလိုက်တယ်ဆိုရင် အဆင့်မြင့်တဲ့ အပြင်အဆင်အငွေ့အသက်တွေကို ခံစားရစေမှာပါ။ အမိုက်စားကော့တေးအမည်တွေနဲ့အတူ သောက်စရာတွေနဲ့ လိုက်ဖက်တဲ့ ပေါ့ပေါ့ပါးပါး စားစရာမျိုးစုံအပြင် စနစ်တကျ ပြန်လည်မွမ်းမံထားတဲ့ ရှေးဟောင်းပရိဘောဂတွေ၊ ရောင်ခြယ်အလှဆင်ထားတဲ့ ခေတ်ဟောင်းမှန်ပြတင်းပေါက်တွေ၊ အတိတ်ပုံရိပ်တွေဆီ ပြန်လည်ခေါ်ဆောင်သွားစေတဲ့ ပိုစတာတွေနဲ့ ဓာတ်ပုံတွေကိုလည်း Taverna မှာ တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။



# Burbrit Brewery

## D16, NORTH DAGON INDUSTRIAL ZONE, U WISARA ROAD, NORTH DAGON TSP

Conjecture surrounds which business can lay claim to being the first craft brewery in modern day Myanmar – the internet suggests one briefly flourished in the 1990s – but I've never seen any more than vague references. Thankfully, no such mystery surrounds the arrival, survival and growth of Burbrit. The site of the brewery, tucked away in a tiny industrial estate in North Dagon, does not inspire much confidence when viewed on a map but in person the site is sensational: much of the seating is under cover alongside the busy Nga Moe Yeik Creek. The food is largely bar snacks and simple barbeque and perfectly matches the main event: a diverse range of delicious, locally brewed craft beers. Personally, I favour Burma Pale Ale by the pint and the very punchy Coffee Stout in smaller quantities. Tasting boards are available and well worth the experience. And the folks behind Burbrit have been busy: there's a taproom at the Central on Kabar Aye Pagoda Road in Yankin township and a bigger venue alongside Ocean Supercentre at 9-mile. If you can't find your way to any of the direct outlets, fear not; these days, many reputable bars and restaurants have Burbrit on tap or in cans.

မျက်မှောက်ခေတ် မြန်မာနိုင်ငံမှာ ဘီယာထုတ်လုပ်သူအနေနဲ့ မူပိုင်ခွင့်ကို ပထမဆုံး ရရှိသွားသူက ဘယ်သူ၊ ဘယ်လုပ်ငန်းကလည်းဆိုတာ သေချာသိရှိဖို့ ခက်ခဲပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် **Burbrit** ရဲ့ ဘီယာ ထုတ်လုပ်တဲ့ လုပ်ငန်းလေး စတင်ဖြစ်ပေါ်လာပြီး၊ ရေရှည်ရပ်တည် နိုင်တာနဲ့ လုပ်ငန်းကြီးထွားလာတာတွေကိုတော့ အင်မတန်မှ ကျေးဇူးတင်မိပါတယ်။ ဘီယာထုတ်လုပ်တဲ့နေရာက မြောက်ဒဂုံက အသေးစားစက်မှုဇုန်နားမှာဖြစ်ပြီး တည်နေရာကို မြေပုံပေါ်ကနေ ကြည့်လိုက်တဲ့အခါ စိတ်ဝင်စားဖို့ သိပ်မကောင်းလှပေမယ့် တကယ် တမ်းရောက်သွားတဲ့အခါမှာတော့ ဘီယာထိုင်သောက်လို့ ကောင်းတဲ့ အကောင်းဆုံးနေရာဖြစ်နေတာကို တွေ့ရပါတယ်။ ထိုင်စရာအများစုကို ငမိုးရိပ်ချောင်း ဘေးတလျှောက်က အရိပ်ရတဲ့နေရာတွေမှာ ခင်းကျင်းထားပါတယ်။



စားစရာအများစုက ဘားတွေမှာရနိုင်တဲ့ သရေစာ ပုံစံမျိုးတွေနဲ့ ရိုးရိုးရှင်းရှင်း အကင်တွေသာဖြစ်ပေမယ့် အရသာရှိပြီး အမျိုးအမည်စုံလင်လှတဲ့ ပြည်တွင်း ထုတ်ဘီယာတွေနဲ့ကတော့ အင်မတန်မှ လိုက်ဖက်လှပါ တယ်။ စာရေးသူကတော့ **Burma Pale Ale** ကို ခွက်အကြီးကြီးနဲ့ သောက်ရတာ အကြိုက်ဆုံးဖြစ်ပြီး **Coffee Stout** ကိုဆိုရင်တော့ ကြိုက်လှပေမယ့် သူ့အရသာက ပြင်းတာမို့ သိပ်အများကြီး သောက်လေ့ မရှိပါဘူး။ ဘီယာရသမျိုးစုံကို ခွက်သေးလေးတွေနဲ့ထည့်ပြီး တည်ခင်းပေးတဲ့ **tasting board** အမည်တွေ ကိုလည်း ရရှိနိုင်ပြီး မတူညီတဲ့ အရသာမျိုးစုံကို မြည်းစမ်းချင်တယ်ဆိုရင် စမ်းကြည့်သင့်ပါတယ်။ ဆိုင်ဖွင့်လှစ်ရာ မြောက်ဒဂုံအထိ မရောက်ဖြစ်ဘူးဆိုရင်လည်း ကိစ္စတော့မရှိပါဘူး။ နာမည်ကြီးဘားတွေနဲ့ စားသောက်ဆိုင်တွေမှာ **Burbrit** ဘီယာကို စည်ပိုင်းထဲကနေ ခွက်ချင်နဲ့ မှာသောက်တာပဲဖြစ်ဖြစ်၊ ဗူးတွေနဲ့ပဲဖြစ်ဖြစ် ရရှိနေပါပြီ။

# Rangoon Tea House Golden Valley

## 36 INYA MYAING ROAD, GOLDEN VALLEY, BAHAN TSP

When the original Rangoon Tea House opened up in the downtown area it quickly wowed everybody with its mix of Myanmar and foreign cuisine, heritage vibe (in the name innit) and professional service. In fact, it became so popular – especially with visiting tourists – that it was sometimes difficult to walk in off the street and find a table. The original site is now closed but was replaced by a new venue in Golden Valley. The Inya Myaing site opened in 2021 and represents a significant improvement over the original outlet in most ways. The ambience for diners is much better, the high ceilings and woodwork are things of beauty, while the acoustics are lightyears ahead, with less echo. There is also the option of private rooms. Where the original may have been about replicating a teashop, the Bahan outlet is just as much about high-end boozing, with a menu to prove it. There is also a Rangoon Tea House within the Junction Square retail mall in Kamaryut township.

မူရင်း **Rangoon Tea House** ဆိုင်ကို မြို့လယ်ခေါင်မှာ ဖွင့်လှစ်လိုက်စဉ်က သူ့ရဲ့စားစရာအမည်တွေ (မြန်မာနဲ့ နိုင်ငံတကာစားစရာတွေ)၊ ရှေးဟောင်းအငွေ့အသက်ကို ခံစားရတဲ့ ဆိုင်အပြင်အဆင်နဲ့ ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေကြောင့် အချိန်တိုအတွင်းမှာပဲ လူအများကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် ကမ္ဘာလှည့်ဧည့်သည်တွေကြားမှာ ဒီဆိုင်ဟာ အရမ်းကို ရေပန်းစားခဲ့ပြီး တခါတလေမှာဆိုရင် ကြိုတင်ဘွတ်ကင်လုပ်မထားဘူးဆိုရင် စားပွဲဝိုင်းနေရာ မရတဲ့အထိအောင် ဧည့်သည်တွေနဲ့ ပြည့်ကျပ်နေတတ်ပါတယ်။

လက်ရှိမှာတော့ ရန်ကုန်တီးဟောက်ကို မူရင်းဆိုင်နေရာမှာ ဆက်မဖွင့်တော့ဘဲ နေရာသစ်ဖြစ်တဲ့ ရွှေတောင်ကြားထဲမှာ ပြောင်းရွှေ့ဖွင့်လှစ်ထားပါတယ်။ အင်းလျားမြိုင်လမ်းထဲက ဒီဆိုင်သစ်ကို ၂၀၂၁ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပြီး ဘက်စုံထောင့်စုံကနေ ပထမဆိုင်ထက် ပိုမိုကောင်းမွန်အောင် ပြင်ဆင်ထားတာ တွေ့ရပါတယ်။ ဆိုင်ဝန်းကျင်ဟာလည်း ပိုမိုနှစ်လိုဖွယ်ရာဖြစ်ပြီး မြင့်မားတဲ့မျက်နှာကျက်တွေနဲ့ သစ်သားလက်ရာတွေကလည်း လှပလွန်းလှပါတယ်။ ဆိုင်အတွင်း လိုဏ်သံထွက်တာမျိုးလည်း နည်းပါးတာက ဆူညံသံတွေကို လျော့ချပေးပြီး ဒီဆိုင်မှာ သီးသန့်ခန်းတွေကိုလည်း ရွေးချယ်စရာအဖြစ် ထည့်သွင်းထားပါသေးတယ်။ ပထမဆိုင်က လက်ဖက်ရည်ဆိုင်ပုံစံမျိုး ဖွင့်လှစ်ထားတယ်ဆိုရင် ဗဟန်းဆိုင်ကတော့ သူ့ရဲ့သောက်စရာစာရင်းထဲမှာ အကောင်းစားယမကာ သောက်စရာတွေ ပိုမိုများပြားတာကို တွေ့ရပါတယ်။ ကမာရွတ်မြို့နယ်ထဲက **Junction Square retail mall** ထဲမှာလည်း ရန်ကုန်တီးဟောက်ကို ဖွင့်လှစ်ထားပါသေးတယ်။














MANN YADANARPON AIRLINES

*Enjoy Royal Service!*

MYP Affiliate

PAN PACIFIC YANGON

NOVOTEL INLE LAKE MYAT MIN

NOVOTEL YANGON MAX

H7 GROUP OF HOTELS & RESORTS

Hotel Dawei

HOTEL BOUNDARY

ZEALAX

Summit Parkview

Art of Sand Resort

TAUNGGYI HOTEL

HOTEL Stadium

SANDOWAY RESORT
Ngapali Beach, Myanmar

Aureum Palace Hotel & Resort

VINTAGE LUXURY YACHT HOTEL

delhi deli

